# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၅)


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာဖြင့် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂုဏ်ပြုကြိုဆိုကြစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

## ယနေ့ မာ တီ ကာ

### နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

ပြည်တွင်းသတင်း - ၅

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သို့မဟုတ် ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းခြင်း

ဆောင်းပါး - ၈

### ထိုင်းနိုင်ငံ၌ ဗီဇာကင်းလွတ်ခွင့်ကာလကို ရက်ပေါင်း ၆၀ မှ ၃၀ သို့ လျှော့ချမည်

နိုင်ငံတကာသတင်း - ၁၄

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**


နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## မိုးတိမ်တောင်များဖြစ်ထွန်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း

စာမျက်နှာ ၃ ကော်လံ ၁ ❖



## ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအစီအစဉ်တွင် ထုတ်ချေးပေးထားသည့် ချေးငွေများ ထိရောက်စွာအသုံးပြုရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် လိုအပ်

နေပြည်တော် စက်တင်ဘာ ၄

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအစီအစဉ်တွင် PFI ဘဏ်များအဖြစ် ဆောင်ရွက်နေသည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များအနေဖြင့် သက်ဆိုင်ရာဘဏ်အလိုက် စိစစ်ရမည့်ချေးငွေများ အမြန်စိစစ်ထုတ်ချေးရန်နှင့် ထုတ်ချေးပေးထားသည့် ချေးငွေများ ထိရောက်စွာ အသုံးပြုရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန်လိုအပ်ကြောင်း ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ယနေ့ ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ဖယ်ခုံမြို့၌ နေရပ်ပြန်ပြည်သူအိမ်ထောင်စု ၃၆၅၁ စုအား အခြေခံစားသောက်ကုန်များနှင့် တောင်သူ ၅၈၇ ဦးအတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များ ဖြန့်ဖြူးပေးအပ်

ဖယ်ခုံ စက်တင်ဘာ ၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် နေရပ်ပြန်ပြည်သူအိမ်ထောင်စု ၃၆၅၁ စုကို အခြေခံစားသောက်ကုန်များနှင့် နေရပ်ပြန်တောင်သူ ၅၈၇ ဦးအတွက် ယူရီးယားဓာတ်မြေဩဇာ ၁၂၁၇ အိတ် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့ မွန်းလွဲပိုင်းက ဖယ်ခုံမြို့ မြို့နယ်ခန်းမ၌ နေရပ်ပြန်ပြည်သူများနှင့် တောင်သူများကို ထိုသို့ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ❈





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❍ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

**လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ၁၂ နာရီခွဲခန့်တွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ သမ္မတရုံးဝန်ကြီး မစ္စတာလဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ဓလေ့ထုံးစံစဉ်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်ပန်းစည်းများ ကမ်း၍လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ခရီးဦးကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



❑ *ရှေ့ဖုံးမှ*

နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၌ကျင်းပသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၏ (၁/၂၀၂၆-၂၀၂၇) ကြိမ်မြောက် အစည်းအဝေး**(အပေါ်ပုံ)** တွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လုပ်ငန်းရှင်များအနေဖြင့် အချိန်စေ့ရောက်လျှင် ချေးငွေအရင်း၊ အတိုးများကို ပုံမှန်ပေးသွင်းစေရေး၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေလုပ်ငန်းအစီအစဉ် ရေရှည်တည်တံ့အောင်မြင်စေရေးအတွက် ဘဏ်များက စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေပိုမိုမြန်ဆန်စွာ ထုတ်ချေးနိုင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အသီးသီးသို့ ပြည်သူများ နေရပ်သို့ ပြန်လည်ဝင်ရောက်ချိန်တွင် အခက်အခဲများ အထိုက်အလျောက် အဆင်ပြေစေရေး အခြေခံ စားသောက်ကုန်များနှင့် လိုအပ်သည့် အသုံးအဆောင်များကို ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်း ကောင်းရန်နှင့် အရည်အသွေးပြည့်မီရန်အတွက် တောင်သူများအနေဖြင့် နည်းမှန်လမ်းမှန်ဖြင့် စိုက်ပျိုးလုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ မြို့နယ်တစ်ခုအဖြစ် ပြန်လည်တည်ဆောက်နိုင်ရန် ဖယ်ခုံမြို့နယ် ဒေသခံပြည်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ဖယ်ခုံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဖယ်ခုံမြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဖယ်ခုံမြို့နယ်စာရင်းစစ်ရုံး RC တစ်ထပ်အဆောက်အအုံ တည်ဆောက်နေမှု၊ ရဲစခန်းအဆောက်အအုံ တည်ဆောက်နေမှုနှင့် မိုးဗြဲ-ဖယ်ခုံလျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်၌ ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်က ရှစ်ပေ တစ်လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေ သုံးလက်မခန့်သာကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်၌ ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်က ခုနစ်ပေ တစ်လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ငါးလက်မခန့်သာ ကျန်ရှိသဖြင့် ရှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်၌ ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်က ၁၀ ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ရှစ်ပေ ငါးလက်မခန့်သာကျန်ရှိသဖြင့် နှစ်ပေ လေးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့်ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၄**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၌ မော်တော်ယာဉ်ထုတ်လုပ်မှုအခြေအနေများ ကြည့်ရှုလေ့လာစဉ်။

### Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟနွိုင်းမြို့မှ Hai Phong မြို့သို့ အထူးမော်တော်ယာဉ်တန်းဖြင့် သွားရောက်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်တွင် ဗီယက်နမ်နိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စနစ်တကျ တည်ဆောက်ထိန်းသိမ်းထားရှိမှုများ၊ လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်ရာ နေရာများကို အချိုးကျကျဖြင့် စနစ်တကျ မြေအသုံးချထားရှိမှုများ၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများအား ကုန်ထုတ်လမ်းများဖောက်လုပ်၍ စနစ်တကျ အကောင်အထည်ဖော် တည်ဆောက်ထားရှိမှုများကို လေ့လာကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ ဒုတိယဥက္ကဋ္ဌ Madam DUONG THI HOAN (ဇူဝမ်-ထိ-ဟွန်)၊ Vinfast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. PHAM NHAT QUAN ANH (ဖန်-ညက်-ကွမ်-အိုင်း)နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ယင်းနောက် ကုမ္ပဏီအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲတစ်ခုဖြစ်သည့် Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် လာရောက်လေ့လာမှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup မှ တာဝန်ရှိသူများနှင့် Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။ ဆက်လက်၍ Vinfast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. PHAM NHAT QUAN ANH က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စက်ရုံဆိုင်ရာ သမိုင်းကြောင်းများ၊ စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ၊ ပြည်တွင်း ပြည်ပဈေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီဆိုင်ရာများနှင့် ပတ်သက်သည့် Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် Vinfast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အကြီးစားစီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲတစ်ခုဖြစ်သော Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီ၏ မော်တော်ယာဉ် ထုတ်လုပ်မှုအခြေအနေများအား လာရောက်လေ့လာရခြင်းအတွက် ဝမ်းမြောက်မိပါကြောင်း၊ ကုမ္ပဏီ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာမှုများအရသိရှိရပြီး ယခုရှင်းလင်းတင်ပြမှုများအရလည်း ပိုမိုသိရှိရသည့်အတွက် အောင်မြင်တိုးတက်မှုများအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် ယခုဗီယက်နမ်နိုင်ငံသို့ လာရောက်သည့်ခရီးစဉ်အတွင်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန် ရည်ရွယ်ထားရှိပြီး Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများအပေါ် လေ့လာကြည့်ရှုသွားမည်ဖြစ်ကြောင်းနှင့် ယခုထက်ပိုမိုသော အောင်မြင်မှုများရရှိရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီအတွင်း လှည့်လည်၍ သတ္တုပုံဖော်ခြင်း၊ ကားကိုယ်ထည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ်တပ်ဆင်ခြင်း စသည့် မော်တော်ယာဉ် ထုတ်လုပ်နေမှု လုပ်ငန်းစဉ် အဆင့်ဆင့်အား အလိုအလျောက် စနစ်များနှင့် စက်ရုပ်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်နေမှုများအပေါ် လိုက်လံကြည့်ရှု လေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

အဆိုပါ ဗီယက်နမ်နိုင်ငံ၏ ထင်ရှားသော မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ လုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး လျှပ်စစ်မော်တော်ယာဉ်များနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ်များကို အဓိကထုတ်လုပ်လျက်ရှိကြောင်း၊ Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီကို ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း Hai Phong မြို့၊ Cat Hai ဒေသတွင် တည်ဆောက်ထားပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စက်ရုံတည်ဆောက်ရေး စတင်ခဲ့ကာ ၂၁ လအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လ ၁၄ ရက်တွင် စက်ရုံဖွင့်လှစ်၍ မော်တော်ယာဉ် ထုတ်လုပ်မှုများကို စတင်ခဲ့ကြောင်း၊ Vinfast ၏ Hai Phong မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံသည် ဧရိယာစတုရန်းမီတာ ၅၀၀၀၀၀ ကျော် ကျယ်ဝန်းပြီး မော်တော်ယာဉ် ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ခေတ်မီနည်းပညာများ၊ အလိုအလျောက်စနစ်များနှင့် စက်ရုပ်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံတွင် သတ္တုပုံဖော်ခြင်း၊ ကားကိုယ်ထည်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ်တပ်ဆင်ခြင်းနှင့် ဘက်ထရီထုတ်လုပ်ခြင်း စသည့်အဓိက လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်သည့် ထုတ်လုပ်ရေးဌာနများ ပါဝင်ကြောင်း၊ ထို့အပြင် Vinfast သည် လျှပ်စစ်မော်တော်ယာဉ်များအတွက် လိုအပ်သည့် ဘက်ထရီ ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေး ကဏ္ဍများကိုလည်း ပြည်တွင်း၌ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး မော်တော်ယာဉ်ထုတ်လုပ်မှုမှ လျှပ်စစ်ဘက်ထရီနှင့် နည်းပညာပိုင်းဆိုင်ရာ ကဏ္ဍများအထိ ချိတ်ဆက်တည်ဆောက်ထားခြင်းသည် Vinfast ၏ လျှပ်စစ်မော်တော်ယာဉ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း။

Vinfast သည် ဗီယက်နမ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် လျှပ်စစ်ယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ဗီယက်နမ်နိုင်ငံတွင် စက်ရုံနှစ်ရုံ၊ အင်ဒိုနီးရှားနိုင်ငံတွင် စက်ရုံတစ်ရုံ၊ အိန္ဒိယနိုင်ငံတွင် စက်ရုံတစ်ရုံတို့ဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ လည်ပတ်လျက်ရှိကာ နိုင်ငံတကာဈေးကွက်များသို့လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံမှ အပြီးသတ်ထုတ်လုပ်ထားသည့် မော်တော်ယာဉ်များအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Viettel ဆက်သွယ်ရေးကုမ္ပဏီ အစည်းအဝေးခန်းမ၌ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc (ငုရင်-ကွမ်း-ငေါက်)၊ Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို- ဒု-ထန်း)နှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။

*စာမျက်နှာ ၄ မှ*

ထို့နောက် နိုင်ငံတော်သမ္မတသည် Vinfast မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံမှ အပြီးသတ် ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များအား ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**Viettel ဆက်သွယ်ရေးကုမ္ပဏီ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး ကုမ္ပဏီသို့ရောက်ရှိစဉ် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc (ငုရင်-ကွမ်း-ငေါက်)၊ Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကုမ္ပဏီအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အနေဖြင့် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ လာရောက်လေ့လာသည့်အတွက် မိမိတို့အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် Viettel ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံအကြား ရှည်လျားခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု သံတမန်ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့မှုနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီအနေဖြင့် နှစ်နိုင်ငံဆက်သွယ်ရေးနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရေးကို တစ်ထောင့်တစ်နေရာမှ တည်ဆောက်နိုင်ခဲ့မှုဆိုင်ရာများ၊ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် Mytel အမှတ်တံဆိပ်ဖြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခု ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများနှင့် ပတ်သက်သည့် Video Clip ဖွင့်လှစ်ပြသမှုကို ကြည့်ရှုကြသည်။


ယင်းနောက် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)က အဆွေတော်သမ္မတကြီးအနေဖြင့် Viettel Group နှင့် Mytel တို့အပေါ် ထောက်ခံအားပေးခဲ့မှုများအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ Mytel ဟူသည့် အမည်နာမသည် အဆွေတော်သမ္မတကြီး ကိုယ်တိုင် ရွေးချယ်ပေးအပ်ခဲ့သည့် အမည်နာမဖြစ်သည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ Viettel Group အနေဖြင့် Mytel နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် Mytel ဆက်သွယ်မှုကွန်ရက်ဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက် သွားလိုပါကြောင်း၊ ဒီဂျစ်တယ် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ် လမ်းပန်းဆက်သွယ်ရေး၊ ဒီဂျစ်တယ်သယ်ယူပို့ဆောင်ရေးတို့တွင် Mytel အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာများစွာ ရှိနေပါကြောင်း၊ အဆွေတော်သမ္မတကြီး ဦးဆောင်သည့် ခရီးစဉ်အတွင်း အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နှစ်ဖက်သဘောတူညီချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်၍ လုပ်ငန်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဆက်သွယ်မှုကွန်ရက်များ ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ရတနာပုံ ဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များမှာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ပစ္စည်းများ လာရောက် ထုတ်လုပ်နိုင်ပါကြောင်း၊ မိမိအနေဖြင့် ဒီဂျစ်တယ်နှင့် နည်းပညာကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အမြဲ အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် Viettel Group မှ ပြန်လည်ထွက်ခွာရာ Viettel Group ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ ရောက်ရှိရာ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc (ငုရင်-ကွမ်း-ငေါက်)၊ Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို- ဒု-ထန်း)နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

❑ *ကျောဖုံးမှ*

ဦးစွာ ဒုတိယသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဗလာဒီဗော့စတော့မြို့ရှိ မြို့တော်အတွက် လျှပ်စစ်ဓာတ်အားနှင့် အပူပေးရေးအတွက်အရေးပါသည့် အကြီးဆုံးသော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ JSC Far Eastern Generating Company ၏ "Vladivostok CHP-2" ဖွဲ့စည်းပုံဆိုင်ရာဌာနခွဲ ဒါရိုက်တာနှင့် Primorsky Krai ၏ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့ရေးဆိုင်ရာ ဒုတိယဝန်ကြီးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး စက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အား ထိန်းချုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဗလာဒီဗော့စတော့ ကုန်သွယ်ရေးဆိပ်ကမ်းသို့ ရောက်ရှိရာ Executive director of Commercial Port of Vladivostok နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆိပ်ကမ်း၌ ခေတ်မီစက်ယန္တရားများဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို လိုက်လံရှင်းလင်းပြသကြသည်။

ဒုတိယသမ္မတသည် ယမန်နေ့နံနက်ပိုင်းကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ ရယ်ရှဲသငြိကော့ဗ်နှင့် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ PJSC Sberbank ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗလာဒီမာ ဆိနော့ဗ်နှင့် အဆိုပါအဆောက်အအုံ၌လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဆရာတော်၊ သံဃာတော်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ



ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်များ၏ တတိယ ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး လွှတ်တော် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ နာယက၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟိုကော်မတီ ဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက (**အပေါ်ယံပုံ**) က အဖွင့်အမှာစကားပြောကြားရာတွင် ယခင်လွှတ်တော် အစည်းအဝေးများကို ကော်မတီအားလုံး၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာမည့် စက်တင်ဘာ ၂၁ ရက်တွင် တတိယပုံမှန်အစည်းအဝေးများကို စတင်ကျင်းပရန် ကြေညာထားပြီးဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်ကို ရောက်ရှိ သတင်းပို့ကြမည်ဖြစ်သည့်အတွက် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အထူးအလေးထား ပေါင်းစပ် ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

တည်းခိုရေးနှင့် နေရာချထားရေးကော်မတီအနေဖြင့် ကိုယ်စားလှယ်များ တည်းခိုမည့် အဆောက်အအုံများ ကောင်းမွန်ရေးနှင့် ရေ၊ မီး၊ အင်တာနက် အဆင်ပြေစေရန် ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း၊ တည်းခိုစဉ်အတွင်း ကြုံတွေ့ရမည့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုလည်း အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်အောင် ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း၊ လုံခြုံရေးကော်မတီ အနေဖြင့် လွှတ်တော်ဝင်း အတွင်း/အပြင်၊ တည်းခိုရာနေရာနှင့် ယာဉ်တန်း လုံခြုံရေးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ပြင်ပမှ လာရောက်သူများနှင့် ဝန်ထမ်းများ၏ ဝင်/ထွက်သွားလာမှုကို စနစ်တကျ သေချာစွာ စိစစ်ရန်နှင့် ဝန်ထမ်းများ "လုံခြုံရေး အသိ/သတိ" အမြဲရှိနေစေရန် မှာကြားထားရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် e-Voting၊ Delegate Unit နှင့် LED Board များ ကောင်းမွန်စွာ လည်ပတ်နိုင်ရေး ပုံမှန်စမ်းသပ်ထားရန် လိုအပ်ကြောင်း၊ ရုပ်/သံစနစ်များ ကြည်လင်ပြတ်သားရေးနှင့် တယ်လီဖုန်းစနစ် ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေး ကော်မတီအနေဖြင့် ဆေးခန်းများတွင် ဆေးဝါးနှင့် အရေးပေါ်ဆေးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရန်လိုကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ကိုယ်စားလှယ် တည်းခိုရာနှင့် လွှတ်တော်အနီးရှိ စားသောက်ဆိုင်များ၏ အစားအသောက်နှင့် သောက်သုံးရေသန့်ရှင်းမှုကို အထူးဂရုပြု စစ်ဆေးပေးရန်လိုကြောင်း။

အလားတူ သယ်ယူပို့ဆောင်ရေးကော်မတီအနေဖြင့် ကိုယ်စားလှယ်များ လာရောက်ရာတွင် အဆင်ပြေစေရေး ဆောင်ရွက်ထားရှိရန်နှင့် တည်းခိုရိပ်သာနှင့် လွှတ်တော်အကြား အသွား/အပြန် သယ်ယူပို့ဆောင်ရေးကို သက်ဆိုင်ရာကော်မတီများနှင့် အချိန်မီ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အခမ်းအနား ပြင်ဆင်ရေး ကော်မတီအနေဖြင့် ခန်းမကြီးများ ပြုပြင်ထိန်းသိမ်းမှု၊ ပရဝဏ် သန့်ရှင်းရေးနှင့် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်၊ ရုပ်သံပိုင်းဆိုင်ရာ ကောင်းမွန်စေရန် ဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြန်ကြားရေးကော်မတီအနေဖြင့် ရုပ်သံသတင်းမှတ်တမ်း ထုတ်လွှင့်မှု စနစ်တကျရှိစေရေး စက်ပစ္စည်းများကို အသင့်ပြင်ဆင်ထားရန်လိုကြောင်း၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ သတင်းရယူနိုင်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ နိုင်ငံခြား သတင်းထောက်များ အသင်းတို့နှင့် ပူးပေါင်းပြီး ပြန်ကြားရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

ထို့အတူ လျှပ်စစ်ကဏ္ဍနှင့် စပ်လျဉ်းပြီး လွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါ လွှတ်တော် ပရဝဏ်အတွင်းနှင့် အစည်းအဝေး ခန်းမကြီးများ၊ တည်းခိုဆောင်များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တတိယပုံမှန် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက်တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်များ၏ ဒုတိယပုံမှန် အစည်းအဝေးများကို လုပ်ငန်းကော်မတီများ၏ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက်ကော်မတီဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ တတိယ ပုံမှန်အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကြယ်ပွင့်ပြမေးခွန်းများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် လွှတ်တော်အကြား အပြန်အလှန်နားလည်မှု၊ တာဝန်ယူမှု၊ ညှိနှိုင်းပူးပေါင်းမှုနှင့် ထိရောက်သော ဆက်သွယ်မှု တိုးမြှင့်ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် အစည်းအဝေးများ အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ကော်မတီဝင်များ အနေဖြင့် အလေးထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက တတိယ ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက်သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## မြန်မာလွှတ်တော်ကိုယ်စားလှယ်များ အိန္ဒိယနိုင်ငံ ပါလီမန်၌ ကျင်းပသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် ပါဝင်တက်ရောက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာ- အိန္ဒိယ လွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ အထောက်အကူပြု ဝန်ထမ်းများ ပါဝင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ပါလီမန်၌ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် (Capacity Development Programme) သို့ ပါဝင်တက်ရောက်လျက်ရှိသည်။

### ပါဝင်ဆွေးနွေး

ထိုသို့ တက်ရောက်နေစဉ်အတွင်း မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် ပါလီမန်၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေး၊ ကော်မတီစနစ်များ၊ ဘဏ္ဍာရေးဆိုင်ရာကော်မတီများ၊ မိမိမဲဆန္ဒနယ်မြေများတွင် စီမံခန့်ခွဲမှု၊ ပြည်နယ်ဥပဒေပြု အပါအဝင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးနှင့် ပါလီမန် ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရားနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် မျှဝေဆွေးနွေးခြင်း အစီအစဉ်များတွင် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် Parliament House ၌ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla နှင့် သွားရောက်တွေ့ဆုံဆွေးနွေးပြီး ပါလီမန်အဆောက်အအုံများ၊ စာကြည့်တိုက်နှင့် အနုပညာပြတိုက်များကိုလည်း သွားရောက်လေ့လာကြသည်။

ထိုသို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာပြီး လွှတ်တော်လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကွန်ဟိန်းမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ကွန်ဟိန်း စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး ထွန်းသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းကြသည်။

တပ်ဖွဲ့မှူးဦးစီးသည့် အရာရှိအဆင့်များ၊ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၂၅ ဦးတို့ကို မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းနှင့် သွေးအလှူခံခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**

သစ်တောတွေထိန်း
တောတွေစိမ်းမှ
ငြိမ်းချမ်းပြည်ရွာ
နိုင်ငံသာ၏။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံး/ဌာန အသီးသီးမှ အရာရှိများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် အရာရှိများအား တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

သမိုင်းကြောင်းအရ မိမိတို့နိုင်ငံအား အင်အားကြီး နယ်ချဲ့အင်္ဂလိပ်တို့က မတရားကျူးကျော်စစ်များဆင်နွှဲပြီး သိမ်းပိုက်ခဲ့သောကြောင့် တပ်မတော်နှင့် ပြည်သူအတူတကွ ပူးပေါင်း၍ အချုပ်အခြာအာဏာပိုင်ဆိုင်ပြီး လွတ်လပ်ရေးရရှိအောင် ပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး နိုင်ငံရေးစနစ်အရ မတူကွဲပြားသည့် အင်အားကြီးနှစ်နိုင်ငံအကြားတွင်တည်ရှိပြီး မဟာဗျူဟာအရ အရေးပါသည့်အတွက် မိမိတို့နိုင်ငံအား ဩဇာလွှမ်းမိုးလိုသည့် နိုင်ငံများရှိကြောင်း။

**စိတ်ဓာတ်ကြံ့ခိုင်၊ ခန္ဓာသန်စွမ်းရန်လို**

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ လက်နက်ကိုင်သောင်းကျန်းသူများသည် လူမျိုးရေး၊ အယူဝါဒရေးစသည်ဖြင့် နည်းလမ်းမျိုးစုံအကြောင်းပြပြီး နိုင်ငံတော်ပြိုကွဲစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြကြောင်း၊ ထိုသို့ လုပ်ဆောင်ခဲ့မှုများကို မိမိတို့တပ်မတော်သားများအနေဖြင့် အခက်အခဲမျိုးစုံကြားမှ အသက်ကိုပဓာနမထားဘဲ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် တပ်မတော်သည် အင်အားတောင့်တင်း ခိုင်မာနေရန်လိုကြောင်း၊ တပ်မတော်အင်အား တောင့်တင်းခိုင်မာစေရန် တပ်မတော်သားတစ်ဦးချင်းစီက မိမိတို့တတ်ကျွမ်းသည့်နယ်ပယ်အလိုက် ကျွမ်းကျင်နေရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်၍ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းနေရန်လိုကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း ရုံး/ဌာန အသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိများသည် စိတ်ဓာတ်စည်းကမ်းအရာ၌သော်လည်းကောင်း၊ အရည်အချင်းများအရသော်လည်းကောင်း၊ ပြစ်မှုကင်းရှင်းပြီး စံပြဖြစ်သူများကိုသာ ရွေးချယ်တာဝန် ပေးအပ်ထားသူများဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိများအနေဖြင့် မိမိကိုယ်ကို တန်ဖိုးထားပြီး ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း။

တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်ရသူများပီပီ စစ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန် လိုပြီး တပ်မတော်၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ထိခိုက်စေသည့် ငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ မူးယစ်ဆေးဝါးမှု၊ ကိုယ်ကျင့်တရား ဖောက်ဖျက်မှုတို့ကင်းရှင်းရန်လိုကြောင်း၊ မိမိ၏ပေါ့ဆမှုကြောင့် သတင်းအချက်အလက် လုံခြုံရေးကျိုးပေါက်မှုမဖြစ်ရန် ဂရုပြုထိန်းသိမ်းရန်လိုကြောင်းနှင့် သတင်းလုံခြုံရေးကျိုးပေါက်မှု စသည့်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုများကြောင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ သို့ဖြစ်၍ အရာရှိများအနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာစောင့်ထိန်းကြရန်နှင့် သစ္စာ (၄) ချက်ကို နေ့စဉ်ရွတ်ဆိုနေသည့် တပ်မတော်သားများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်နှင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များ ထားရှိမွေးမြူကြရန်လိုကြောင်း၊ ထို့ပြင် မိမိရုံးဌာနများရှိ လုပ်ဖော်ကိုင်ဖက်များကိုလည်း အသိပညာပြန့်ပွားရေးဆက်လက်ပြောကြားပေးကြရမည်ဖြစ်ကြောင်း။

တပ်မတော် အရာရှိများဖြစ်သည်နှင့်အညီ ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်ကျင့်ကြံသွားရန်လိုကြောင်း၊ မိမိကိုယ်တိုင်လည်း ကိုယ်ကျင့်တရား ကောင်းမွန်ရန်လိုအပ်သလို မိမိလက်အောက်ကိုလည်း ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်အောင် ထိန်းသိမ်းကြပ်မတ်သွားရန်လိုကြောင်း၊ သို့မှသာ မိမိတာဝန်ယူရသည့် အဖွဲ့အစည်းကို တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များအပေါ် ညီအစ်ကိုမောင်နှမ စိတ်ဓာတ်များဖြင့် စောင့်ရှောက်ကာကွယ်ကြရန်လိုကြောင်း၊ ကိုယ်ကျင့်တရားပျက်ပြားပါက တပ်တွင်းစည်းလုံးညီညွတ်ရေးကို ထိခိုက်စေမည်ဖြစ်သည့်အတွက် တပ်မတော်သားများအနေဖြင့် စစ်သည်ကောင်းတစ်ယောက်ပီသစွာ ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်းသည် မိမိတပ်ဖွဲ့၊ ဌာန၊ တပ်မတော်၏ ဂုဏ်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြဲလမ်းညွှန်မှာကြားချက်ဖြစ်သည့် သင့် (၄) သင့်ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင့် (၄) သင့်ဆိုသည်မှာ သွားသင့်သည့် နေရာကိုသွားရန်၊ ပြောဆိုသင့်သည့် စကားကိုသာပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာလုပ်ရန်နှင့် ပေါင်းသင်းသင့်သည့်သူကိုသာ ပေါင်းသင်းသွားရန်တို့ပင်ဖြစ်ကြောင်း။

**ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်း ကောင်းမွန်ပြည့်ဝရန်လို**

အရာရှိများအနေဖြင့်လည်း အနာဂတ်တွင် တပ်မတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ခေါင်းဆောင်များဖြစ်သည့်အတွက် မိမိကိုယ်ကို တန်ဖိုးထားလေးစားတတ်ပြီး ကိုယ်ကျင့်သိက္ခာ ကောင်းမွန်နေစေရန်၊ အရည်အချင်း ပြည့်ဝနေစေရန်လိုအပ်မည်ဖြစ်သောကြောင့် နေ့စဉ်လူနေမှုဘဝများကိုလည်း စည်းကမ်းစနစ်တကျဖြင့် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်ရန် အလွန်အရေးကြီးကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်နေရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ကြရမည် ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှသာ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိများဖြစ်သည်နှင့်အညီ နိုင်ငံ၏ သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား၊ တပ်မတော်၏သမိုင်းကြောင်းများကို သိရှိအောင် စာအုပ်စာစောင်များကို ဖတ်မှတ်လေ့လာမှတ်သားပြီး ဗဟုသုတ ဖြည့်ဆည်းရန်လိုကြောင်း၊ ထို့ပြင် မိမိတို့၏ Profe-ssional လုပ်ငန်းတာဝန်များနှင့် ပတ်သက်သည့် စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန် လိုသကဲ့သို့ မိမိအတွက် အကျိုးဖြစ်စေမည့် စာအုပ်စာစောင်များကိုလည်း အားလပ်သည့်အချိန်များတွင် ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည်များကို လက်တွေ့အသုံးချခြင်းနှင့် ဝေမျှခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးအပြစ်များကို ဆင်ခြင်နိုင်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူလူထုအတွက် အားထားရမည့်သူများ ဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော်အရာရှိများဖြစ်ရန်အတွက် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များရှိရန် လိုကြောင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး အမှန်တရားကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပညာများ တိုးပွားလာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စွန့်လွှတ်စွန့်စားသည့်စိတ်များဖြင့် တပ်မတော်၏ဂုဏ်ကို စောင့်ထိန်းကာကွယ်ကြရန်လိုကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိများသည် အနာဂတ်တွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာ အထောက်အကူဖြစ်စေမည့် ခေါင်းဆောင်များ ဖြစ်အောင် ကြိုးစားသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် တက်ရောက်လာကြသည့် အရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်၌ ဆေးတက္ကသိုလ်(၂) ငွေစု/ ငွေချေးသမအသင်း အမှုဆောင်ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ဆေးတက္ကသိုလ် (၂) ငွေစု/ငွေချေး သမဝါယမအသင်း



လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၃၁ ရက်က ဆေးတက္ကသိုလ် (၂) မြရည်နန္ဒာခန်းမ၌ ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာမွန်က သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင်အဖွဲ့ဝင် သုံးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့အား အမှုဆောင်အသစ်များအဖြစ် ပြန်လည်ရွေးချယ်ကြသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၁၆၀ တက်ရောက်ခဲ့ပြီး အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



စားသုံးသူရေးရာဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ဆီကုန်သည်အသင်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာ ၄ ရက်က ပြည်မြို့နယ် ပေါင်းတလည်မြို့ပေါ်ရှိ စားသုံးဆီအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးခြင်း ရှိ၊ မရှိ၊ အလေးချိန် မှန်ကန်စွာ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ ဝဏ္ဏထွန်း(ပြန်/ဆက်)

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သို့မဟုတ် ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းခြင်း

**မြန်မာနိုင်ငံတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကြောင်းအမျိုးမျိုးဖြင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၅ ခုနှစ်တွင် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခဲ့ပါသည်။**

ငြိမ်းငယ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည့်အလျောက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားတို့တွင် ဒေသအလိုက်၊ လူမျိုးအလိုက် ယဉ်ကျေးမှုအမွေအနှစ်များ ရှိကြပါသည်။ ယင်းအမွေအနှစ်များသည် မိမိတို့၏ "ဘယ်သူတွေဖြစ်သည်" ဆိုသည့်အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်သကဲ့သို့ မိမိတို့လူမျိုး၏ အစဉ်အလာသမိုင်းတို့ကို ကိုယ်စားပြုနေပါသည်။ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုများကို အစဉ်ထိန်းသိမ်းလေ့ ရှိကြပါသည်။

ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ ယူနက်စကိုက "ရိုးရာယဉ်ကျေးမှုဆိုသည်မှာ **လူမျိုး၊ ဒေသ သို့မဟုတ် လူမှုအဖွဲ့အစည်းတစ်ခုတွင် ရှေးယခင်ကတည်းက ပေါ်ပေါက်ဖွံ့ဖြိုးလာပြီး မျိုးဆက်အလိုက် လက်ဆင့်ကမ်းထိန်းသိမ်းလာသော တန်ဖိုးထားမှုများ၊ ယုံကြည်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများ၊ အနုပညာနှင့် ဖျော်ဖြေရေးများ၊ လူမှုရေးအလေ့အထများနှင့် ပွဲတော်များ၊ ရိုးရာလက်မှုပညာများနှင့် နေထိုင်မှုပုံစံများအား စုစည်းထားသည့် လူမှုအမွေအနှစ်တစ်ရပ်ဖြစ်သည်**" ဟု ဖွင့်ဆိုပါသည်။

ယူနက်စကို၏ ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်းအရ ထိတွေ့ကိုင်တွယ်၍မရသော ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ လူမှုအဖွဲ့အစည်းများက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုထားသောအလေ့အကျင့်များ၊ ကိုယ်စားပြုမှုများ၊ ဖော်ပြချက်များ၊ အသိပညာနှင့် ကျွမ်းကျင်မှုများနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် တူရိယာများ၊ ပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများများကို ဆိုပါသည်။ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ အရေးကြီးဆုံးမှာ ယင်းတို့ကို မျိုးဆက်တစ်ဆက်မှ နောက်မျိုးဆက်တစ်ဆက်ဆီသို့ ဆက်လက်လက်ဆင့်ကမ်းပေးနေခြင်း ဖြစ်ပါသည်။

ယူနက်စကို၏ ၂၀၂၃ ကွန်ဗင်းရှင်းအရ ရိုးရာဂီတ၊ အကနှင့် ပြဇာတ်ကဲ့သို့သော performing arts များသည် intangible cultural heritage (ICH)၏ အဓိကနယ်ပယ်များထဲတွင် ပါဝင်ပြီး ထိုအမွေအနှစ်များကို ထိန်းသိမ်းခြင်းဆိုသည်မှာ ပုံစံတစ်ခုကို ရုပ်တုတစ်ခုကဲ့သို့ မပြောင်းမလဲထားရှိခြင်းမဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် အဓိပ္ပာယ်များကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ဆက်လက်လက်ဆင့်ကမ်းနိုင်အောင် ပြုလုပ်ခြင်းဟု ဆိုထားပါသည်။

**ယင်းသို့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းသည် ရိုးရာအနုပညာများကို လူကြီးများထံတွင်သာ ထားရှိခြင်းမဟုတ်ဘဲ ကလေးများနှင့် လူငယ်များထံသို့ ပြိုင်ပွဲမှတစ်ဆင့် လက်ဆင့်ကမ်းခြင်းလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသည်လည်း မိမိတို့၏ ရိုးရာအနုပညာကို လက်တွေ့လေ့ကျင့်ရန်နှင့် မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းရန် အားပေးခြင်းဖြစ်**

> **"ရိုးရာယဉ်ကျေးမှု ပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲ၏သဘောအရ အနုပညာကို သူနိုင်ကိုယ်နိုင် ပြိုင်ဆိုင်တတ်ကြပါသည်။ ပြိုင်ပွဲ၏ရည်ရွယ်ချက်သည် "အကောင်းဆုံးသူကို ရွေးချယ်ခြင်း" ဖြစ်လာပါက ရိုးရာအနုပညာ၏ ယဉ်ကျေးမှုဆိုင်ရာအဓိပ္ပာယ်ထက် ဆုရရှိရေး၊ အမှတ်ရရှိရေးနှင့် အနိုင်ရရေးကို ပိုမိုအာရုံစိုက်လာစေနိုင်ပါသည်။ ထိုအခြေအနေတွင် ယဉ်ကျေးမှုကို သင်ယူခြင်းထက် "အကဲဖြတ်ဒိုင်များအကြိုက်ပြုလုပ်ခြင်း" ဖြစ်လာစေနိုင်ပါသည်။ ပြိုင်ပွဲများတွင်လည်း အမှန်တကယ် ယဉ်ကျေးမှုကို ဖန်တီး၊ ထိန်းသိမ်း၊ လက်ဆင့်ကမ်းနေသော တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများပါဝင်ရန် အရေးကြီးပါသည်။ ယူနက်စကို၏ ကွန်ဗင်းရှင်းကလည်း ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး၊ လက်ဆင့်ကမ်းရေးတွင် heritage communities များ အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ရေးကို အလေးပေးထား"**

သို့ဖြစ်ရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် ဖျော်ဖြေရေး သို့မဟုတ် အနုပညာကျွမ်းကျင်မှုကို ယှဉ်ပြိုင်ပြသသည့် အစီအစဉ်တစ်ခုသာမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေးအမှတ်သညာနှင့် မျိုးဆက်အလိုက် ယဉ်ကျေးမှုလက်ဆင့်ကမ်းမှုတို့နှင့် ဆက်စပ်နေသည့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းတစ်ရပ်အဖြစ် ကျင်းပလျက်ရှိပါသည်။ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများသည် မြန်မာနိုင်ငံကဲ့သို့ အခြားသောနိုင်ငံများတွင်လည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းရန် ကျင်းပလျက်ရှိကြပါသည်။

ထိုအထဲတွင် တောင်ကိုရီးယားနိုင်ငံ၌ ကလေးများကို gugak (ကိုရီးယားရိုးရာဂီတ) စိတ်ဝင်စားမှုမြှင့်တင်ရန်နှင့် ယဉ်ကျေးမှုလွှဲပြောင်းခြင်းကို အားပေးရန် ရည်ရွယ်ချက်ဖြင့် Grand Gugak ပွဲတော်ကို ၂၀၀၁ ခုနှစ်မှစ၍ ကျင်းပပေးခဲ့ပါသည်။ ကလေးများအတွက် ရိုးရာသီချင်း သီဆိုပြိုင်ပွဲအဖြစ်စတင်ခဲ့သော ဤပြိုင်ပွဲသည် တဖြည်းဖြည်း တိုးချဲ့လာခဲ့ရာ လက်ရှိတွင် အမျိုးအစားခုနစ်မျိုးဖြစ်သည့် ရိုးရာသီချင်းများ၊ လေမှုတ်ဂီတ၊ ကြိုးတပ်တူရိယာ၊ ပန်ဆိုရီ (pansori)၊ ပန်မူလ် (pungmul)၊ ဂါယာဂမ် ဗျိုင်းချန်း (gayageum byeongchang) (singing to the accompaniment of a gaya–geum – ဂါယာဂမ်နှင့်အတူသီဆိုခြင်း)နှင့် အကတို့ ပါဝင်လာခဲ့ပါသည်။ ဤပြိုင်ပွဲမှတစ်ဆင့် ကလေးများသည် ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ်များတွင် ၎င်းတို့၏ ကျွမ်းကျင်မှုများကို မြှင့်တင်နိုင်သည့်အပြင် ရိုးရာယဉ်ကျေးမှုကို ရိုးရာမပျက် လက်ဆင့်ကမ်းနိုင်ကြပါသည်။

**ယင်းသို့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်းသည် ရိုးရာအနုပညာများကို လူကြီးများထံတွင်သာ ထားရှိခြင်းမဟုတ်ဘဲ ကလေးများနှင့် လူငယ်များထံသို့ ပြိုင်ပွဲမှတစ်ဆင့် လက်ဆင့်ကမ်းခြင်းလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသည်လည်း မိမိတို့၏ ရိုးရာအနုပညာကို လက်တွေ့လေ့ကျင့်ရန်နှင့် မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းရန် အားပေးခြင်းဖြစ်ပါသည်။**

ယူနက်စကိုက traditional performing arts များကို ထိန်းသိမ်းရာတွင် အသိပညာနှင့် နည်းစနစ်များကို လက်ဆင့်ကမ်းပေးခြင်း၊ လက်ဆင့်ကမ်းပေးသူနှင့် လက်ခံပေးသူအကြား ဆက်ဆံရေးကို ခိုင်မာစေခြင်း၊ ယှဉ်ပြိုင်မှုများကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့သည် အရေးကြီးသော ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များဖြစ်သည်ဟု ဆိုပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ပြိုင်ပွဲတစ်ခုအတွက် သီချင်းတစ်ပုဒ်ကို လေ့ကျင့်ခြင်း၊ ရိုးရာအကတစ်မျိုးကို သင်ယူခြင်း၊ ရိုးရာတူရိယာတစ်ခုကို တီးခတ်တတ်ရန် ကြိုးစားခြင်းတို့သည် " ကြည့်ရှုခြင်း" မှ "လက်တွေ့ပါဝင်ခြင်း" သို့ ပြောင်းလဲစေသည့် နည်းလမ်းများ ဖြစ်လာစေနိုင်ပါသည်။

ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများ ကျင်းပပေးခြင်းသည် မိမိတို့၏ယဉ်ကျေးမှုကို လူထုအတွင်း ကျယ်ပြန့်စွာ သိရှိနားလည်စေပြီး စိတ်ဝင်စားမှု မြင့်တက်စေနိုင်ပါသည်။ ယူနက်စကို၏ လေ့လာမှုများအရလည်း ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများသည် မျိုးဆက်သစ်လူငယ်များနှင့် ကလေးများကို ရိုးရာယဉ်ကျေးမှုအပေါ် စိတ်ဝင်စားလာစေရန်နှင့် cult–ural heritage များကို ဆက်လက် လက်ဆင့်ကမ်းရန် အသုံးဝင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် မိမိနိုင်ငံ၏ ရိုးရာသီချင်း၊ တေးဂီတ၊ အက၊ ဇာတ်ပုံပြင်နှင့် တူရိယာများကို လေ့လာပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းသည် လူငယ်များအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအပေါ် ပိုမိုသိရှိနားလည်လာစေနိုင်ပါသည်။ အထူးသဖြင့် ခေတ်မီကမ္ဘာ့ယဉ်ကျေးမှုများနှင့် ထိတွေ့မှုများလာနေသော လူငယ်များအတွက် မိမိတို့၏ ရိုးရာအနုပညာနှင့် သမိုင်းနောက်ခံကို လက်တွေ့သင်ယူနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်လာစေနိုင်ပါသည်။

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးခြင်းကြောင့် အခြား အကျိုးကျေးဇူးများလည်း ရရှိစေနိုင်ပါသည်။ ယင်းတို့တွင် မိမိတို့နိုင်ငံ၊ လူမျိုး၏ယဉ်ကျေးမှု အမှတ်သညာ ခိုင်မာလာခြင်း၊ မျိုးဆက်အလိုက် လက်ဆင့်ကမ်းမှု တိုးတက်လာခြင်း၊ အနုပညာရှင်အသစ်များ ပေါ်ထွက်လာခြင်း၊ လူမှုစည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

အထူးသဖြင့် ခေတ်မီကမ္ဘာ့ယဉ်ကျေးမှုများနှင့် ထိတွေ့မှုများလာနေသည့် လူငယ်များအတွက် မိမိတို့၏ ရိုးရာအနုပညာနှင့် သမိုင်းနောက်ခံကို လက်တွေ့သင်ယူနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်လာစေနိုင်ပါသည်။ ထို့အတူ ရိုးရာယဉ်ကျေးမှုအပေါ် နားလည်မှုနှင့် တန်ဖိုးထားမှုကို မြှင့်တင်ပေးခြင်းမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ အမှတ်လက္ခဏာကို မြှင့်တင်ရန် အထောက်အကူပြုနိုင်ပါသည်။ သို့သော်လည်း မျိုးချစ်စိတ်ဓာတ်မြှင့်တင်ရန်အတွက်မှု ပြိုင်ပွဲ၏ ထိရောက်မှု၊ လေ့ကျင့်သင်ကြားမှု၊ အကြောင်းအရာရွေးချယ်မှု၊ ပြိုင်ပွဲဝင်သူများ၏ နားလည်မှုနှင့် ပြိုင်ပွဲ၏ ရည်ရွယ်ချက်တို့အပေါ်တွင်လည်း မူတည်နေပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရန်အတွက် ပြိုင်ပွဲများကျင်းပပေးသော်လည်း အခြားတစ်ဖက်တွင် ပြိုင်ပွဲကျင်းပခြင်းနှင့် ယဉ်ကျေးမှုကာကွယ်ပေးခြင်းအကြား ကွဲပြားမှုများရှိနိုင်ပါသည်။ ပြိုင်ပွဲများတွင် ရိုးရာယဉ်ကျေးမှုကို "ပြိုင်ပွဲပုံစံ" သို့ ထည့်သွင်းလိုက်ခြင်းကြောင့် ပုံစံတစ်မျိုးတည်း ဖြစ်လာနိုင်ပြီး ရိုးရာယဉ်ကျေးမှုအနုပညာ၏ ကွဲပြားမှုကို လျော့ကျစေနိုင်သည်ကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။ traditional performing arts များအား စံကိုက်လုပ်ခြင်းကြောင့် အချို့သော ရိုးရာပုံစံများ ပျောက်ကွယ်သွားနိုင်ပြီး တစ်မျိုးတည်းသော "standard product" အဖြစ် ပြောင်းလဲသွားနိုင်ကြောင်း ယူနက်စကိုက သတိပေးထားပါသည်။

ထို့အတူ ရိုးရာယဉ်ကျေးမှုအနုပညာများကို ပြိုင်ပွဲပုံစံကျင်းပရာတွင် ခေတ်အလိုက် ပြောင်းလဲခွင့်မပေးဘဲ ရှေးရိုးပုံစံမူသေဆုပ်ကိုင်ထားမှုများ ဖြစ်စေတတ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ယူနက်စကိုက ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်းကို "Safe–guarding without freezing" ဟုဆိုပါသည်။ In–tangible cultural heritage သည် အသက်ရှင်နေသော ယဉ်ကျေးမှုဖြစ်သောကြောင့် မျိုးဆက်သစ်များက ပြန်လည်ဖန်တီးခြင်း၊ အဓိပ္ပာယ်အသစ်များ ထည့်သွင်းခြင်းတို့လည်း ထည့်သွင်းစဉ်းစားရန် လိုပါသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုထိန်းသိမ်းရေးသည် ရှေးပုံစံကို မပြောင်းမလဲ ဆုပ်ကိုင်ထားခြင်းဟု မဆိုလိုနိုင်ပါ။

**ရိုးရာယဉ်ကျေးမှုပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲ၏သဘောအရ အနုပညာကို သူနိုင်ကိုယ်နိုင် ပြိုင်ဆိုင်တတ်ကြပါသည်။ ပြိုင်ပွဲ၏ရည်ရွယ်ချက်သည် "အကောင်းဆုံးသူကို ရွေးချယ်ခြင်း" ဖြစ်လာပါက ရိုးရာအနုပညာ၏ယဉ်ကျေးမှုဆိုင်ရာအဓိပ္ပာယ်ထက် ဆုရရှိရေး၊ အမှတ်ရရှိရေးနှင့် အနိုင်ရရေးကို ပိုမိုအာရုံစိုက်လာစေနိုင်ပါသည်။ ထိုအခြေအနေတွင် ယဉ်ကျေးမှုကို သင်ယူခြင်းထက် "အကဲဖြတ်ဒိုင်များအကြိုက် ပြုလုပ်ခြင်း" ဖြစ်လာစေနိုင်ပါသည်။ ပြိုင်ပွဲများတွင်လည်း အမှန်တကယ် ယဉ်ကျေးမှုကို ဖန်တီး၊ ထိန်းသိမ်း၊ လက်ဆင့်ကမ်းနေသော တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ ပါဝင်ရန် အရေးကြီးပါသည်။ ယူနက်စကို၏ ကွန်ဗင်းရှင်းကလည်း ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး၊ လက်ဆင့်ကမ်းရေးတွင် heritage communities များ အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ရေးကို အလေးပေးထားပါသည်။**

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲသည် ပြိုင်ပွဲတစ်ခုဆိုသည့် အဓိပ္ပာယ်ထက် များစွာနက်နဲကျယ်ပြန့်သည့် လူမှုရေးဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါ နက်နဲကျယ်ပြန့်သည့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ၏ ဦးတည်ချက်နှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး ထိရောက်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းသဘောထက် ပြိုင်ပွဲအနိုင်ရရေး ဦးတည်လာပါက မူလရည်ရွယ်ချက်ကို ထိခိုက်စေနိုင်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသဖြင့် ယဉ်ကျေးမှုကြွယ်ဝသည့်နိုင်ငံဖြစ်သဖြင့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် တိုင်းရင်းသားများ၏ ရိုးရာအနုပညာများကို

*စာမျက်နှာ ၉ သို့*

# (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အားကစားနည်း ၄၃ နည်း ပါဝင်ယှဉ်ပြိုင်ရန် လျာထားဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၄**

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၃ နည်း ပါဝင်ယှဉ်ပြိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၏ ပြောကြားချက်အရ သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်၏ မြင်းစီးအသုံးအဆောင် လေ့ကျင့်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အားကစားအဖွဲ့ချုပ်များအနေဖြင့် စခန်းသွင်းလေ့ကျင့်နေမှုအချက်အလက်များကို ပြည့်ပြည့်စုံစုံ အချိန်မီပေးပို့တင်ပြကြရန်၊ ပြိုင်ပွဲလိုက်ပါမည့် အင်အားစာရင်းအား အတိအကျပေးပို့သွားရန်၊ မြန်မာ့အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ လာမည့်(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏ္ဍာမလက်ရွေးစင် အားကစားသမားများကို တွေ့ဆုံနှုတ်ဆက်ပြီး **(ယာပုံ)** မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၌ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များနှင့် တွေ့ဆုံပြီး အဖွဲ့ချုပ်က ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ဂျပန်နိုင်ငံ နာဂိုရာမြို့တွင် ကျင်းပမည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲအတွက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မျိုးဆက်သစ်အားကစားသမားများ ရှာဖွေစုဆောင်းထားရှိမှုများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မည့် အားကစားနည်းများ၊ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိခဲ့မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကာ အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



အလားတူ ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်၌ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံးအထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသထားမှု၊ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ 10 m Air Rifle ၊ 50m 3 Position ၊ 10 m Air Pistol ၊ 25 m Sport Pistol နည်းများ လေ့ကျင့်ပစ်ခတ်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အထည်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်နေသော လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုနိုင်ရန် The Peaceful Unification Advisory Council (PUAC Myanmar) နှင့် Myanmar Multicultural Family Association (MMFA) မှ အလှူငွေကျပ် ၃၀၀၀၀၀၀၀ နှင့် တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ရှိ အဝတ်အထည် ၂၀၀၀ တို့ကို ယနေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းရန်ကုန်ရုံးခွဲ၌ လာရောက်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာဒေါ်မြသူ၊ ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၄**

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄၇)ကို နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)၌ ဇွန် ၁၅ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာဖြင့် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချခဲ့ပြီး အစိုးရအဖွဲ့ အစည်းအသီးသီးနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်များမှ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို စိတ်ပါဝင်စားသူများ စုစုပေါင်း ၉၃ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ အငြိမ်းစား ဒုတိယဝန်ကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေဘာသာရပ်များ၊ နိုင်ငံရေးဘောဂဗေဒနှင့် အထွေထွေဗဟုသုတဆိုင်ရာများစသည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



*စာမျက်နှာ ၈ မှ*

ထည့်သွင်းပေးခြင်းဖြင့်လည်း နိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာ ရောက်စေသကဲ့သို့ လူမှုပေါင်းစည်းရေးကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။

ရိုးရာယဉ်ကျေးမှုပြိုင်ပွဲသည် အခြားပြိုင်ပွဲများနှင့်မတူပါ။ ရိုးရာယဉ်ကျေးမှု၏ အနှစ်သာရများ၊ အလေ့အကျင့်များ၊ အသိပညာနှင့် နည်းစနစ်များ၊ အစဉ်အလာများကို ထိန်းသိမ်းလက်ဆင့်ကမ်းရသည်ဖြစ်၍ ပြိုင်ပွဲဝင်သူများသည် ရိုးရာအနုပညာ၏ သမိုင်း၊ အဓိပ္ပာယ်နှင့် လူမှုဘဝဆိုင်ရာ နောက်ခံတို့ကို သိရှိနားလည်ရန်၊ သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ပြိုင်ပွဲ၏ အနှစ်သာရကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ ရိုးရာအနုပညာအပေါ် စိတ်ဝင်စားမှုကို မြှင့်တင်ပေးခြင်း၊ အနုပညာကျွမ်းကျင်မှုများကို လက်ဆင့်ကမ်းခြင်း၊ အမျိုးသားနှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှုအမှတ်သညာကို ခိုင်မာစေခြင်း၊ အနုပညာရှင်အသစ်များကို ဖော်ထုတ်ခြင်းနှင့် လူမှုစည်းလုံးညီညွတ်မှုကို အားပေးခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ သတိပြုရန်မှာ ပြိုင်ပွဲများကို ကျင်းပခြင်းတစ်ခုတည်းဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မည်မဟုတ်ပါ။

မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ အထူးသဖြင့်ဒြပ်မဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးသည် နူးညံ့သိမ်မွေ့သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ယနေ့ကဲ့သို့ နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံတကာမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်နေချိန်တွင် ဒြပ်မဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးသည် စိန်ခေါ်မှုများရှိလာပါသည်။ ထိုသို့သောအချိန်တွင် မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများ ကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်လာပါသည်။ သို့မဟုတ်ပါက မျိုးဆက်သစ်လူငယ်များအပေါ် အခြားယဉ်ကျေးမှုလွှမ်းမိုးမှုများ ကျယ်ပြန့်လာမည် ဖြစ်ပါသည်။ အခြားယဉ်ကျေးမှုများ လွှမ်းမိုးမှုနှင့်အတူ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအပေါ် စိတ်ဝင်စားမှုလျော့ကျလာခြင်း၊ အထင်မကြီးတော့ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသူ နည်းပါးလာခြင်းစသည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ယှဉ်ပြိုင်မှုတစ်ခုတည်းအတွက်သာမက အသိပညာပေးမှု၊ လေ့ကျင့်သင်ယူမှု၊ ဖျော်ဖြေမှု၊ လက်ဆင့်ကမ်းမှု၊ မှတ်တမ်းတင်မှု၊ အားလုံးပူးပေါင်းပါဝင်မှု လုပ်ဆောင်ခြင်းဖြင့် မျိုးဆက်သစ်လူငယ်များအကြား မိမိတို့၏ ယဉ်ကျေးမှုကို သိရှိနားလည်၍ ချစ်မြတ်နိုးပြီး လက်တွေ့ကျင့်သုံးကာ နောင်မျိုးဆက်များထံ ဆက်လက်လက်ဆင့်ကမ်းစေသည့် ယဉ်ကျေးမှုလက်ဆင့်ကမ်းရေး လုပ်ငန်းစဉ်တစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

**ကိုးကား**


၁။ အမျိုးသားယဉ်ကျေးမှု လက္ခဏာမြှင့်တင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ၊ ကြေးမုံသတင်းစာ၊ ၁၀ ဇူလိုင်လ၊ ၂၀၂၅

၂။ UNESCO. (2003). Convention for the Safeguarding of the Intangible Cultural Heritage.

၃။ UNESCO. Performing Arts (such as traditional music, dance and theatre).

၄။ UNESCO. Social Practices, Rituals and Festive Events.

၅။ UNESCO. Focus on measures taken by States Parties to raise awareness about the importance of intangible cultural heritage (2018).

၆။ UNESCO. Safeguarding without freezing.

၇။ UNESCO. Ethics and Intangible Cultural Heritage.

၈။ https://www.unesco.org/en/intangible-cultural-heritage

၉။ https://ich.unesco.org/en/what-is-intangible-heritage-00003

၁၀။ National Gugak Center, Republic of Korea. National Gugak Competition and National Traditional Dance Competition.

၁၁။ Korea Cultural Heritage Foundation. Grand Gugak Festival for Kids.



## မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မင်းလှ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက သရက်ခရိုင် မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ပွဲတော်တွင် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများအပြင် စာအုပ်၊ စာပေဖတ်ရှုခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများအကြောင်းကို ဖော်ကျူးသည့် စာရေးဆရာ အောင်သင်း ရေးသားခဲ့သော “လူငယ်ရဲ့ဘဝနှင့် တန်ဖိုး” စာအုပ်အပေါ် ကျောင်းသား ကျောင်းသူများက အမြဲမပြတ်လေ့လာသင်ယူရေး (Talk Show) အစီအစဉ်ဆောင်ရွက်ခြင်းနှင့် ဌာနဆိုင်ရာ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ ပါဝင်ပြသခဲ့ကြပြီး ကျောင်းသား ကျောင်းသူ အင်အား ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပွဲတော်မုခ်ဦးအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညို၊ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါ်နွယ်နီနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုယ်လုံးပညာသရုပ်ပြသမှု၊ ဝါးညှပ်အကသရုပ်ဖော် ကပြမှု၊ ဂိမ်းကစားပြိုင်ပွဲများ၊ ကျောင်းစာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်နှင့် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း “မင်းလက်ဝါး” ခန်းမ၌ အစီအစဉ်တတိယပိုင်းကိုကျင်းပရာ မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက “အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အတွက် ငွေကျပ် ၅၅ သိန်းကို ပေးအပ်ရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူ၍ မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show) တွင် ပါဝင်ဆွေးနွေးကြသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## နည်းပညာတက္ကသိုလ်(ဘားအံ) ၌ ကရင်ရိုးရာဒုံးအကသင်တန်းနှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း သင်တန်းဆင်းပွဲကျင်းပ

**ဘားအံ စက်တင်ဘာ ၄**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာန(ဘားအံဌာနခွဲ)၊ ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် နည်းပညာ တက္ကသိုလ်(ဘားအံ)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ကရင်ရိုးရာဒုံးအက သင်တန်းနှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းတို့၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နည်းပညာတက္ကသိုလ် (ဘားအံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ကရင်ရိုးရာဒုံးအကသင်တန်းကို ဩဂုတ် ၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၆၇ ဦး တက်ရောက်ခဲ့ကြောင်း၊ အခြေခံရှေးဦးပြုစုခြင်း သင်တန်းကို ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၅၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တက်ရောက်အမှာစကားပြောကြားပြီး နည်းပညာတက္ကသိုလ် (ဘားအံ) ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများအား သင်တန်းနှင့် ကရင်ရိုးရာ ဒုံးအက ဝတ်စုံ ၃၂ စုံအတွက် ငွေကျပ် ၁၀၁၄၆၀၀၀ ကို လည်းကောင်း၊ ကရင်ရိုးရာ ဒုံးအကနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ဒုံးအက သင်တန်း တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်သည်။

ထို့အတူ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းကြသည့် ကျောင်းသား ကျောင်းသူများ အတွက် သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းထူးချွန်ဆုရရှိကြသူများအတွက် ထူးချွန်ဆုများ၊ နည်းပညာတက္ကသိုလ် (ဘားအံ) ကြက်ခြေနီ အသင်းခွဲအတွက် ကြက်ခြေနီဝတ်စုံများ ပေးအပ်ခဲ့သည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ဖလမ်းမြို့ရှိ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဖလမ်း စက်တင်ဘာ ၄**

နိုင်ငံတော်မှ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရေး အလေးထားကာ ကော်မတီများဖွဲ့စည်းပြီး မြေပြင်တွင် ကြီးကြပ်ဆောင်ရွက်နိုင်ရေး စီမံပေးထားကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးရန်ပုံငွေဖြင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် နည်းတူ ပုဂ္ဂလိကပိုင် နေအိမ်ပျက်စီးမှုများ အတွက် သွပ်နှင့် ဘိလပ်မြေများကိုလည်းကောင်း၊ နေရပ်ပြန်လာသည့် ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြောင်း၊ ယခုအခါ ဖလမ်းမြို့သို့ ပြည်သူများ ပြန်လည်ဝင်ရောက်လာပြီ ဖြစ်သည့်အတွက် မြို့ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကိုအင်တိုက်အားတိုက် လုပ်ဆောင်ရမည့် အချိန်ဖြစ်ကြောင်း၊ အတိတ်ကို သင်ခန်းစာယူကာ ပြန်လည်တည်ဆောက်ကြရမည်ဖြစ်ကြောင်း ယနေ့တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖလမ်းမြို့ရှိဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များက သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် ဘာသာရေး ခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများက တင်ပြစရာရှိသည်များကို တင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က သက်ဆိုင်ရာ ဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဖလမ်းမြို့စည်ပင်သာယာဈေးသို့ သွားရောက်ကာ ဖလမ်းမြို့သို့ ပြည်သူများ ပြန်လည်ဝင်ရောက်ကာ ဟင်းသီးဟင်းရွက်နှင့် အသားငါး ရောင်းချနေမှု အခြေအနေများကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ လူမှုဝန်ထမ်း ဦးစီးဌာန ဖလမ်းမြို့ မူလတန်းကြိုကျောင်းသို့ သွားရောက်ကာ မူကြိုကျောင်း အဆောက်အအုံ အခြေအနေ၊ သင်ထောက်ကူ ပစ္စည်း ပျက်စီး၊ ပျောက်ဆုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းကာ မူလတန်းကြိုကျောင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးမှာကြား၍ စိန်ဂျိုးဇက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ သွားရောက်ကာ ကျောင်းဖွင့်လှစ်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၃၀ ကျော်အား လက်ခံသင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က စိန်ဂျိုးဇက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းအတွက် အလှူငွေများ ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

## ရေဝင်နစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆွေးနွေး



**ပုသိမ် စက်တင်ဘာ ၄**
ရေဘေးသင့်ဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရေဝင်နစ်မြုပ်စိုက်ကေများအား စာရင်းများကောက်ယူဆောင်ရွက်နေမှု၊ မျိုးစေ့များရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် သီးနှံများ ပြန်လည်စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေ၊ သီးနှံပျက်စီးမှုများ စာရင်းကောက်ယူဆောင်ရွက်မှု၊ စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိမှုနှင့် ရေဝင်နစ်မြုပ်စိုက်ကေများတွင် သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် အခမဲ့ထွန်ယက်ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ စိုက်ပျိုးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ခြင်း၊ ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်၍ ရေတင်စက်များ၊ ဆိုလာရေတင်စနစ်များဖြင့် အောင်ရေရရှိရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရေကြီးနစ်မြုပ်ဒေသများရှိ ကျောင်းများပိတ်ထားမှုနှင့် ရေပြန်လည် ကျဆင်းလာသဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ထားရှိမှု၊ အခြေခံပညာကျောင်းများအတွက် လိုအပ်သည့်ပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်၊ စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးမည့် အခြေအနေများကို ယနေ့နံနက်ပိုင်းက ကျုံပျော်ခရိုင်အတွင်း ရေဝင်နစ်မြုပ်မှုများအပေါ် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျုံပျော်ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ တွေ့ဆုံစဉ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ပြည်သူများ၏ အခက်အခဲများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရေဘေးသင့်ဝန်ထမ်းမိသားစုများအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသည့်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရေကြည်မြို့ စိမ်းလဲ့ရေကြည်ခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ပဲများ စုဆောင်းထားရှိမှု၊ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက်ရှိ အုတ်ပုံရိုးတံတားသို့ သွားရောက်၍ အုတ်ပုံရိုးချောင်းမှတစ်ဆင့် ရေဆင်းလမ်းကြောင်း ရေစီးဆင်းမှု၊ ငါးသိုင်းချောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ငါးသိုင်းချောင်းမြို့ စိန္တာမုနိ စေတီတော်မြတ်ကြီးဝင်းတွင် ရေဘေးသင့်ပြည်သူများအတွက် SML Business Group ကုမ္ပဏီမှ လှူဒါန်းသည့် ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု၊ မြို့မရပ်ကွက် ရွှေတောင်လမ်း၌ ရေကျဆင်းမှုအခြေအနေနှင့် ရေကြည်မြို့နယ် ရွှေကျောင်း ကုန်းတံတား ရေဖြတ်ကျော်စီးဆင်းမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်း၊ တံတားများ ကြံ့ခိုင်မှုနှင့် ယာဉ်အသွားအလာအန္တရာယ် ကင်းရှင်းရေးတို့ကို သက်ဆိုင်ရာဌာနများက ကြီးကြပ်ဆောင်ရွက်ရန်မှာ ကြားသည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရိပ်သာ၌ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ရပ်ရှင် သရုပ်ဆောင် ကျော်ကျော်ဗိုလ်နှင့် ညီအစ်ကိုမိတ်ဆွေများ (GOATs For Charity)၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြိတ်မြို့ OK ရတနာဆန်စက်၊ အောင်နိုင်သစ္စာကုမ္ပဏီလီမိတက်၊ ဆရာတော် ဉူးအာလောက၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းနှင့် Eco Friendly Fuel တို့က အလှူငွေများနှင့် ဆန်အိတ်များကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံတွင် Protection Relay အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၄**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းများနှင့် Transformer တို့ကို Protection စနစ် ပိုမိုကောင်းမွန်စေရန်အတွက် Relay လဲလှယ်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ အလှည့်ကျဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်၍ ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ နေ့စဉ် အချိန်(၄)နာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီး ဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ လှိုင်သာယာပင်မ ဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ဇုန် (၅) ဖီဒါ၏ ဓာတ်အားဖြတ်ခလုတ်ချိတ်ဆက်ကြိုးမှာ ကြိုးလွန်းပြတ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများနှင့် စက်မှုဇုန်များ အချိန် ၃ နာရီကြာခန့် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၄**
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## (၁၁) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပါဝင်တက်ရောက်ခြင်းနှင့်အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈) အား လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၄**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပသည့် (၁၁) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (11th Eastern Economic Forum)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဗလာဒီဗော့စတော့မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(၂၀၂၇-၂၀၂၈) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုလက်မှတ်ရေးထိုးသည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈) သည် ရုရှား - မြန်မာ နှစ်နိုင်ငံအကြား ဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ အတွေ့အကြုံနှင့် နည်းပညာဖလှယ်နိုင်ခြင်းများကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကို ပိုမိုခိုင်မာ အားကောင်းလာစေပြီး စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို ပိုမိုအားကောင်း၍ များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် Mr. A.V. Gutsan က တည်ခင်းဧည့်ခံခဲ့သော အလုပ်သဘောနေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် (၁၁) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကြီးမှူးကျင်းပသည့် "နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သော စီးပွားရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း" အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သည်။



ယင်းနေ့ မွန်းလွဲပိုင်းတွင် (၁၁) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ "အရှေ့ဖျားစီးပွားရေးဒေသ ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့်ကျင်းပသော မျက်နှာစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ငပုတောမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း

**ငပုတော စက်တင်ဘာ ၄**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၂/၂၀၂၆)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**အောင်သူ**
**(ပြန်/ဆက်)**

ဥတုရာသီ၊ တောကိုမှီ၏

# စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဝတ်မှုန်ကူးခြင်း၏ အရေးပါမှုနှင့် သစ်တောဂေဟစနစ် ဝန်ဆောင်မှုများ

သစ်တောမောင်

### ဝတ်မှုန်ကူးခြင်း

ဝတ်မှုန်ကူးခြင်း(pollination)ဆိုသည်မှာ ပန်းပွင့်သောအပင်များတွင် အဖိုမျိုးပွားအစိတ်အပိုင်းဖြစ်သော ဝတ်ဆံဖို(anther)မှ ထွက်ရှိသည့် ဝတ်မှုန်စေ့(pollen grains)များကို အမမျိုးပွား အစိတ်အပိုင်းဖြစ်သော ဝတ်ဆံအမ(stigma)သို့ ရောက်ရှိစေသည့် ဖြစ်စဉ်ဖြစ်ပါသည်။ ဝတ်မှုန်ကူးပြီးနောက် သင့်လျော်သောအခြေအနေများတွင် မျိုးအောင်ခြင်း (fertilization) ဖြစ်ပေါ်ကာ မျိုးစေ့နှင့် အသီးများ ဖြစ်ပေါ်လာပါသည်။ ပန်းတစ်ပွင့်၏ဝတ်မှုန်သည် ထိုပန်း၏ဝတ်ဆံအမ သို့မဟုတ် တစ်ပင်တည်းရှိ အခြားပန်း၏ ဝတ်ဆံအမသို့ ရောက်ရှိခြင်းဖြင့် မိမိကိုယ်တိုင်ဝတ်မှုန်ကူးခြင်း (self-pollination)ဖြစ်နိုင်သကဲ့သို့ အပင်တစ်ပင်မှဝတ်မှုန်ကို အခြားအပင် တစ်ပင်၏ ဝတ်ဆံအမသို့ သယ်ဆောင်ပေးခြင်းဖြင့် အပြန်အလှန် ဝတ်မှုန်ကူးခြင်း(cross-pollination) ဖြစ်နိုင်ပါသည်။



ဝတ်မှုန်ကူးခြင်းသည် အစားအစာထုတ်လုပ်မှုနှင့် လူသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အလွန်အရေးပါပြီး သဘာဝဂေဟစနစ်များကို စိုက်ပျိုးရေးထုတ်လုပ်မှု စနစ်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးသည်။ ကမ္ဘာတစ်ဝန်းတွင် ပန်းပွင့်သောအပင်များ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ကျောရိုးမဲ့သတ္တဝါများနှင့် ကျောရိုးရှိသတ္တဝါများ နှစ်မျိုးလုံးမှ ဝတ်မှုန်ကူးကြပါသည်။

### ဝတ်မှုန်ကူးသတ္တဝါများ

ဝတ်မှုန်ကူး သတ္တဝါများတွင် တောရိုင်းပျား (Apidae, Halictidae)၊ ပျားရည်ပျား၊ အဆိပ်မရှိသော ပျားငယ်များ (stingless bees)၊ သစ်ခေါင်းတွင်းနေသော သစ်ခေါင်းပျားများ၊ မြေတွင်းနေပျားများပါဝင်ပါသည်။ အဆိုပါပျားများအပြင် ဖလံများ၊ ယင်ကောင်များ (အထူးသဖြင့် hoverflies, Bee flies)၊ နကျယ်ကောင်များ၊ ပိုးထိုးကောင်များ၊ လိပ်ပြာများ၊ ပိုးဖလံများ (moths)၊ ပိုးတောင်မာများ (beetles)၊ လင်းနို့များ၊ လင်းဆွဲများ (Pteropodidae)၊ ငှက်များ၊ ပုရွက်ဆိတ်များ ပါဝင်သည်။ ကျောရိုးရှိသတ္တဝါများတွင် တချို့သော မျောက်မျိုးစိတ်များ၊ ကြွက်၊ ရှဉ့်၊ ဝတ်ရည်စုတ်ငှက်များ (hummingbirds၊ sunbirds) နှင့် ကြက်တူရွေးမျိုးစိတ် တချို့ပါဝင်ပါသည်။ စနစ်တကျမွေးမြူထားသော ပျားများအပါအဝင် ဝတ်မှုန်ကူးသတ္တဝါများ လုံလောက်စွာ ရှိနေခြင်းဖြင့် စားရေရိက္ခာသီးနှံထုတ်လုပ်မှုအရည်အသွေးနှင့် အရေအတွက် နှစ်မျိုးစလုံး တိုးတက်ကောင်းမွန်စေနိုင်သည်။



### ဝတ်မှုန်ကူးခြင်း၏ အရေးပါမှု

လက်ရှိကမ္ဘာမြေတွင် လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ဝတ်မှုန်ကူးခြင်းကို ပျားများနှင့် တခြားအင်းဆက်ပိုးမွှားများက အဓိကဆောင်ရွက်ပေးပါသည်။ မြန်မာနိုင်ငံတွင် ရာသီစိုက်ပျိုးသီးနှံများဖြစ်သည့် ပန်းနှမ်း၊ နေကြာ၊ နှမ်း၊ ပဲမျိုးစုံ၊ စမုန်စပါး၊ နံနံ၊ ဆီမုန်ညင်း၊ မုန်ညင်း/မုန်လာတို့နှင့် ရာသီအလိုက်စိုက်ပျိုးသည့် ပန်းမန်ပင်များ နှင်းဆီ၊ စံပယ်၊ ဇွန်၊ စိန်ခြယ်ပန်းရောင်စုံ၊ မိုးကြိုပန်း၊ မေမြို့ပန်း၊ သစ္စာပန်း၊ ဂန္ဓမာပန်း၊ ပန်းထိမ်ငို၊ လီလီ၊ ဆောင်းချယ်ရီစသည်တို့သည် ပျားရည်ထုတ်ယူနိုင်သော အဓိကပျားစာပင်များဖြစ်သည်။ ပင့်ကူထိပ်ပိတ်၊ နေကြာရိုင်း၊ ဘိစပ်၊ ကန္တာရ၊ အင်ကြင်း၊ တံငါပင်စိမ်း စသည့် သဘာဝပေါက်ပင်များသည် ပျားရည်ထုတ်ယူသည့် ပျားစာပင်များဖြစ်သည်။ မက္ကဒေးမီးယား၊ ဆီးပင်၊ ရော်ဘာ၊ လိုင်ချီး၊ လဲမှို့၊ သရက်၊ သံပရာ၊ ကြက်မောက်၊ မန်ကျန်ရှား၊ ကော်ဖီ၊ ဒူးရင်း၊ သရက်၊ လိမ္မော်၊ စတော်ဘယ်ရီ စသည့် နှစ်ရှည်စိုက်ပျိုးသီးနှံများသည်လည်း ပျားရည်ထုတ်ယူသည့် အပင်များဖြစ်ပြီး ဝတ်မှုန်ကူးခြင်းကြောင့် အရည်အသွေးမြင့်သီးနှံများ အထွက်နှုန်းတိုးပြီး အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများဆိုင်ရာ အစိုးရများအကြား သိပ္ပံ-မူဝါဒ ပလက်ဖောင်း (IPBES)၏ အဆိုအရ သတ္တဝါများ ဝတ်မှုန်ကူးပေးမှုအပေါ် တိုက်ရိုက်မှီခိုနေရသော ကမ္ဘာ့အသီးအနှံ ထုတ်လုပ်မှုတန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၃၅ ဘီလီယံ မှ ၅၇၇ ဘီလီယံအထိရှိသည်။ ဝတ်မှုန်ကူးတိရစ္ဆာန်များသည် ကမ္ဘာ့သီးနှံထုတ်လုပ်မှု (ပမာဏအားဖြင့်)၏ ၃၅ ရာခိုင်နှုန်းခန့် ပါဝင်ပတ်သက်ပြီး အဓိကအစားအစာသီးနှံ ၁၁၅ မျိုးတွင် ၈၇ မျိုးနှင့် ဆေးဖက်ဝင်အပင်များစွာ၏ အထွက်နှုန်းကို မြှင့်တင်ပေးပါသည်။ ကမ္ဘာလုံးဆိုင်ရာအစားအစာ သီးနှံအမျိုးအစား ၇၅ ရာခိုင်နှုန်းခန့်သည် ဝတ်မှုန်ကူးပေးသော သတ္တဝါများအပေါ် မှီခိုနေရပြီး ယနေ့လူသားများအတွက် အစားအစာမျိုးစုံရရှိနိုင်မှုသည် ၎င်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြနေပါသည်။



> ❝ သစ်တောများက ပံ့ပိုးပေးနေသော ဂေဟစနစ် ဝန်ဆောင်မှုများစွာအနက် ဝတ်မှုန်ကူးမှုကို ပံ့ပိုးသောဝန်ဆောင်မှုသည် စီးပွားရေးအရ အရေးပါဆုံးနှင့် တန်ဖိုးအရှိဆုံး ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ သစ်တောများသည် ပန်းဝတ်မှုန်ကူးသတ္တဝါများအတွက် အစာအရင်းအမြစ်၊ အသိုက်ပြုလုပ်ရန် နေရာ၊ ခိုလှုံရာနှင့် မျိုးပွားရာနေရာများကို ပံ့ပိုးပေးသည့်အပြင် ပန်းဝတ်မှုန်ကူးပေးသည့် သတ္တဝါမျိုးစုံနှင့် အပင်မျိုးစိတ်များအကြား အပြန်အလှန်မှီခိုသော ဂေဟစနစ်ဆိုင်ရာ ဆက်နွယ်မှုများကိုလည်း ထိန်းသိမ်းပေး ❞

### ဝတ်မှုန်ကူးမှုကျဆင်းခြင်း အဓိကအကြောင်းရင်းများ

ယခုအခါ ပျားများနှင့် အခြားဝတ်မှုန်ကူးပေးသော သတ္တဝါများ၏အရေအတွက်သည် သိသာထင်ရှားသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီး အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)၏ အကဲဖြတ်မှု အစီရင်ခံစာအရ ပျားမျိုးစိတ် ၄၀ ရာခိုင်နှုန်းခန့်သည် မျိုးသုဉ်းရန် အန္တရာယ်ရှိကြောင်း သိရပါသည်။ သစ်တောပြုန်းတီးခြင်း၊ နေရင်းဒေသ သစ်တောသစ်ပင်များ အပိုင်းပိုင်းကွဲထွက်ခြင်း၊ လယ်ယာစိုက်ပျိုးရေးတွင် သီးနှံမျိုးစိတ်တစ်မျိုးတည်းကိုသာ အကြိမ်ကြိမ်ဆက်တိုက် စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ အပူချိန်အလွန်အမင်းမြင့်တက်ခြင်းနှင့် ပန်းပွင့်ချိန်ပြောင်းလဲခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ဝတ်မှုန်ကူးပေးသော သတ္တဝါအရေအတွက် ကျဆင်းမှုအတွက် အဓိကအကြောင်းရင်းများဖြစ်ပါသည်။

### သစ်တောများ၏ ဝတ်မှုန်ကူးပေးခြင်းဆိုင်ရာ ဝန်ဆောင်မှု

သစ်တောများက ပံ့ပိုးပေးနေသော ဂေဟစနစ်ဝန်ဆောင်မှုများစွာအနက် ဝတ်မှုန်ကူးမှုကို ပံ့ပိုးသောဝန်ဆောင်မှုသည် စီးပွားရေးအရ အရေးပါဆုံးနှင့် တန်ဖိုးအရှိဆုံး ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။ သစ်တောများသည် ပန်းဝတ်မှုန်ကူးသတ္တဝါများအတွက် အစာအရင်းအမြစ်၊ အသိုက်ပြုလုပ်ရန်နေရာ၊ ခိုလှုံရာနှင့် မျိုးပွားရာနေရာများကို ပံ့ပိုးပေးသည့်အပြင် ပန်းဝတ်မှုန်ကူးပေးသည့် သတ္တဝါမျိုးစုံနှင့် အပင်မျိုးစိတ်များအကြား အပြန်အလှန်မှီခိုသော ဂေဟစနစ်ဆိုင်ရာ ဆက်နွယ်မှုများကိုလည်း ထိန်းသိမ်းပေးပါသည်။ သစ်တောများတွင် အသိုက်ဖွဲ့နေထိုင်ကြသော တောရိုင်းဝတ်မှုန်ကူးသတ္တဝါများသည် ဘေးပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများသို့ သွားရောက်ကာ သီးနှံများကို ဝတ်မှုန်ကူးပေးသဖြင့် သီးနှံအထွက်နှုန်း၊ သီးနှံအရည်အသွေးနှင့် ဈေးကွက်တန်ဖိုးတို့ကို သိသိသာသာ တိုးတက်စေပါသည်။ သစ်တောများသည် အောက်ဖော်ပြပါ ဂေဟဗေဒဆိုင်ရာ အဓိကလုပ်ဆောင်ချက် သုံးခုမှတစ်ဆင့် တောရိုင်းဝတ်မှုန်ကူးသတ္တဝါများကို ကာကွယ်ထိန်းသိမ်းပေးထားပါသည်-

- ❖ **အသိုက်ပြုလုပ်ရာနှင့် ဆောင်းခိုရာနေရင်းဒေသများ။** သစ်တောများ၊ အပင်ကြီးများ၊ သစ်ပင်ခြောက်များ၊ သစ်တောကြမ်းပြင် မြေဆီလွှာ၊ အခေါင်းပါသော ပင်စည်များ၊ သစ်တောအုပ်အထက်ပိုင်း ညဥ့်ခိုရာများ၊ ကျောက်တောင်များ၊ ကြွေကျနေသော သစ်ရွက်များ၊ ပဲမျိုးနွယ်အပင်ကြီးများ၊ ပန်းပွင့်သော ချုံပုတ်များ စသည့်နေရာများသည် တောရိုင်းဝတ်မှုန်ကူးသတ္တဝါများအတွက် တည်ငြိမ်သောမှီခိုရာ၊ သားပေါက်ရာနေရင်းဒေသ နားခိုရာ၊ အသိုက်ပြုလုပ်ရန်နေရာများကို ပံ့ပိုးပေးသည်။
- ❖ **ဝတ်ရည်နှင့်ဝတ်မှုန်များ စဉ်ဆက်မပြတ်ပံ့ပိုးပေးခြင်း။** စိုက်ပျိုးရေးသီးနှံများ မပွင့်သော ရာသီပြင်ပကာလများတွင်လည်း သစ်တောအတွင်းရှိ မတူကွဲပြားသည့် အပင်မျိုးစိတ်များက ဝတ်မှုန်ကူးသတ္တဝါများ တစ်နှစ်ပတ်လုံး အသက်ဆက်နိုင်ရန် ဝတ်ရည်နှင့် ဝတ်မှုန်များကို မပြတ် ပံ့ပိုးပေးပါသည်။
- ❖ **ရာသီဥတုပြင်းထန်မှုကို လျှော့ချထိန်းညှိပေးခြင်း။** သစ်တောသစ်ပင်များက အပူချိန်ကို လျှော့ချထိန်းညှိပေးခြင်း၊ လေပြင်းများကို ကာကွယ်ပေးခြင်းနှင့် အစိုဓာတ်ကို ထိန်းသိမ်းပေးခြင်းတို့ဖြင့် နုနယ်သော ဝတ်မှုန်ကူးသတ္တဝါများကို ရာသီဥတုဒဏ်မှ ကာကွယ်ပေးပါသည်။

### သဘာဝဝတ်မှုန်ကူးခြင်းနှင့် ပျားမွေးမြူခြင်းဖြင့် ဝတ်မှုန်ကူးခြင်း

သဘာဝဝတ်မှုန်ကူးသတ္တဝါများနှင့် စနစ်တကျမွေးမြူထားသော ဝတ်မှုန်ကူးသတ္တဝါများ (ပျားမွေးမြူခြင်း) နှစ်မျိုးလုံးသည် သီးနှံထုတ်လုပ်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။



**၁။ သဘာဝ ဝတ်မှုန်ကူးခြင်း**

မြန်မာနိုင်ငံ၏ အပူပိုင်းကမ်းရိုးတန်း မြစ်ဝကျွန်းပေါ်ဒေသများမှသည် မိုးနည်းပူပြင်းသော အလယ်ပိုင်းလွင်ပြင်များနှင့် အမြင့်ပိုင်းအရှေ့ဘက်ကုန်းမြင့်ဒေသများအထိ ပါဝင်သည့် ထူးခြားသော ပထဝီဝင်အနေအထားသည် ဝတ်မှုန်ကူးသတ္တဝါများအတွက် မတူကွဲပြားသော ဂေဟစနစ်နယ်ပယ်များကို ဖန်တီးပေးထားပါသည်။ မြန်မာနိုင်ငံတွင် သဘာဝဝတ်မှုန်ကူးမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ဒေသတွင်းသီးနှံများ၊ ဒေသမျိုးရင်းအပင်များနှင့် မူလရှိပြီး ဝတ်မှုန်ကူးသတ္တဝါ အုပ်စုများအပေါ် မူတည်၍ ဂေဟစနစ်တစ်ခုချင်းစီအလိုက် သီးသန့်အစီအမံများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) **အလယ်ပိုင်း မိုးနည်းရေရှားဒေသ။** အဓိကဒေသမျိုးရင်း ဝတ်မှုန်ကူးသတ္တဝါများအနေဖြင့် ပျားကြီး/ သစ်တောပျား (*Apis dorsata*)၊ ပျားသေး/ယင်ပျား (*Apis florea*)၊ မျက်မွှေးလိမ်ပျား/ စိမ့်ပျား (*Trigona/Tetragonula*) နှင့် မြေကြီးတွင် အသိုက်လုပ်တတ်သော တစ်ကောင်တည်းနေပျားများ တွေ့ရပါသည်။ ဝတ်မှုန်ကူးသတ္တဝါများ တိုးပွားလာစေရန်နှင့် သီးနှံများမပွင့်သော အချိန်တွင် တစ်နှစ်ပတ်လုံး ဝတ်ရည်ရရှိစေရန်အတွက် ရာသီသီးနှံများ၊ ဆီထွက်သီးနှံ စိုက်ခင်းများ ပတ်လည်တွင် ဘက်စုံသုံးပန်းပွင့်သည့်

*စာမျက်နှာ ၁၃ သို့*

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ



**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

# သုံးခွမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**သုံးခွ စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၁)ရပ်ကွက် အထက(၂) ခန်းမဆောင်တွင် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တာဝန်ရှိသူများက မီးလောင်မှုအမျိုးအစား၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဆောင်ရန် ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုပုံတို့ကို သရုပ်ပြရှင်းလင်းဟောပြောသည်။ဟောပြောပွဲသို့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈၇ ဦး တက်ရောက်ကြပြီး သဘာဝဘေးအန္တရာယ်များအကြောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

*စာမျက်နှာ ၁၂ မှ*

ဒေသ မျိုးရင်းအပင်များ (ဥပမာ သဘော်ာကသစ်၊ တမာ၊ ပေါက်၊ လက်ပံ၊ အညာကုက္ကို၊ စစ်၊ စွယ်တော်၊ မဲဇလီ၊ ပဲချယ်ရီ၊ ငုရွှေ၊ သမုန်းပင်၊ စောင်ချမ်း၊ ဆူးဖြူ၊ အကာရှား) အတန်းလိုက် စိုက်ပျိုးခြင်း။

**(ခ) ရှမ်းကုန်းပြင်မြင့်နှင့် တောင်ပေါ်စိုက်ပျိုးဂေဟစနစ်များ။** အဓိကတွေ့ရသည့် ဒေသမျိုးရင်း ဝတ်မှုန်ကူးသတ္တဝါများမှာ ကျောက်ဆောင်ပျား (*Apis laboriosa*)၊ သစ်ခေါင်းပျား(*Apis Cerana*) ပျားမဲကြီးများ (*Bombus* မျိုးစိတ်များ)၊ အစွယ်မဲ့ပျားများ၊ ယင်ပျံများ(*Hoverflies*)နှင့် သစ်တောက်ပျားများ (*Xylocopa*) တို့ဖြစ်သည်။ ဝတ်မှုန်ကူးသတ္တဝါများ တိုးပွားလာစေရေးနှင့် ဝတ်မှုန်ကူးလုပ်ငန်းများ ပိုမိုတိုးပွားလာစေရေးအတွက် ကော်ဖီစိုက်ခင်းများအတွင်း ပန်းပွင့်သော ဒေသမျိုးရင်းအပင်ကြီးများ (ဥပမာ– ချယ်ရီ၊ ခါတော်မီ၊ မက္ကာဒေးမီးယား၊ တောင်ဇလပ်မျိုး–*Rhododendron sp.*၊ ချယ်ရီ – *Prunus cerasoides*) ကို ပေါင်းစပ်စိုက်ပျိုးပေးခြင်း၊ ထောပတ်နှင့် မက္ကာဒေးမီးယား စိုက်ခင်းများအနီးတွင် သစ်တောက်ပျားများနှင့် တစ်ကောင်တည်းနေပျားများ အသိုက်ဖွဲ့နိုင်စေရန် ဆေးသုတ်မထားသော အခေါင်းပါသောသစ်သားတိုင်များ၊ ဝါးဆစ်စည်းများနှင့် ကျောက်တိုင်များကို စိုက်ခြင်း၊ လှေကားထစ် စိုက်ခင်းအစွန်းများနှင့် ကန်သင်းများတွင် ဒေသမျိုးရင်း ပန်းပွင့်သည့် မြေဆီလွှာအဖုံးအအုပ်ပင်များကို စိုက်ပျိုးခြင်း၊ လှေကားထစ်စိုက်ခင်းများတွင် ပန်းပွင့်အပင်တန်းများ စိုက်ခြင်း။

**(ဂ) ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒီရေတောများ၊ လမုတောများ။** ဒီရေတော၊ လမုတောနှင့် ယှဉ်ပါးသော ရွှေ့ပြောင်းပျားကြီးအုပ်စုများ (*Apis dorsata*)၊ သစ်ခေါင်းပျား(*Apis cerana*)၊ သစ်သီးစားလင်းဆွဲများ (*Pteropus* မျိုးစိတ်များ)၊ လိပ်ပြာနှင့်ဖလံများ (*Hawk moths*) စသည့် အဓိက ဒေသမျိုးရင်း ဝတ်မှုန်ကူးသတ္တဝါများကို တွေ့ရသည်။ ဒီရေတော၊ လမုတောများသည် ဒေသထွက်ပျားရည်ကို ထုတ်လုပ်ပေးရုံသာမက ပျားများအတွက် အလွန်အရေးပါသော မျိုးပွားရာနေရာများဖြစ်ကြသဖြင့် ကန့်ကလာပင်၊ ဖြူးပင်၊ ကနစိုပင်၊ ဓနိပင်စသည့် ဒီရေတော၊ လမုတောများကို ထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း၊ ဒူးရင်းသီးကဲ့သို့သော တန်ဖိုးမြင့်သစ်သီးများအတွက် ညဘက်ဝတ်မှုန်ကူးပေးသည့် သစ်သီးစားလင်းဆွဲများ မှီခိုရာ အပင်ကြီးများနှင့် ဂူများကို ကာကွယ်ပေးခြင်း။

**၂။ ပျားမွေးမြူခြင်းနှင့် ဝတ်မှုန်ကူးခြင်း**

ပျားမွေးမြူရေး (Apiculture/ Beekeeping) သည် ဝင်ငွေရရှိစေသည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ သီးနှံများ၏ ဝတ်မှုန်ကူးခြင်းကိုတိုးတက်



စေပြီး သဘာဝဂေဟစနစ်နှင့် စိုက်ပျိုးရေးထုတ်လုပ်မှုကိုလည်း အထောက်အကူပြုပါသည်။ ပျားမွေးမြူရေးဆောင်ရွက်ရာတွင် အဓိကအားဖြင့် အောက်ပါအချက်များ အထူးဂရုပြုဆောင်ရွက်သင့်ပါသည်–

**(က) ပျားမျိုးရွေးချယ်ခြင်း။** ဒေသရာသီဥတုနှင့် ကိုက်ညီသော၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဝတ်ရည်ဝတ်မှုန် စုဆောင်းမှု ကောင်းမွန်၍ ပျားရည်အထွက်နှုန်း ကောင်းမွန်သော ဒေသမျိုးရင်း ပျားမျိုးများကို ရွေးချယ်ခြင်း၊ မျိုးပွားနိုင်စွမ်းရှိသော ပျားဘုရင်မကို ရွေးချယ်ခြင်းနှင့် စီးပွားဖြစ်မွေးမြူနေသော ဥရောပပျားမျိုး *Apis mellifera* ကိုလည်း စနစ်တကျမွေးမြူခြင်း။

**(ခ) ပျားအုံတည်နေရာ။** ပန်းပွင့်အပင်များ၊ သစ်တော၊ ဥယျာဉ်နှင့် စိုက်ခင်းများအနီးတွင် ထားရှိခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်းနှင့် နေအပူချိန်မြင့်မားခြင်းမှ ကာကွယ်နိုင်သော နေရာဖြစ်ခြင်း၊ လူနေအိမ်၊ ကျောင်း၊ လမ်းမနှင့် တိရစ္ဆာန်ခြံများမှ သင့်တော်သော အကွာအဝေး ထားရှိခြင်း၊ ပျားအုံ အဝင်အထွက်ပေါက်ကို လူသွားလမ်းများနှင့် မျက်နှာမူ၍ ချထားမွေးမြူခြင်းမှ ရှောင်ကြဉ်ခြင်း။

**(ဂ) ပျားစားကျက်(Bee forage) စီမံခန့်ခွဲခြင်း။** ပျားမွေးမြူရေးအောင်မြင်မှုအတွက် တစ်နှစ်ပတ်လုံး ပန်းပွင့်ရရှိနိုင်သည့် နေရာများကို ရွေးချယ်ခြင်း၊ ပျားမွေးမြူရေးနှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်း (Bee-friendly Agroforestry System)၊ ပန်းပွင့်နေချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်းကို ရှောင်ကြဉ်ခြင်း၊ ဖျန်းရန်လိုအပ်ပါက ညနေပိုင်း/ပျားများလှုပ်ရှားမှုနည်းချိန်တွင် စနစ်တကျအသုံးပြုခြင်း။

**(ဃ) ပျားအုံစောင့်ရှောက်မှု ပုံမှန်စစ်ဆေးခြင်း။** ပျားအုံကို အုံပြင်ပစစ်ဆေးခြင်းအား နေ့စဉ်ပြုလုပ်၍ အုံတွင်းစစ်ဆေးသည့်အခါ အုံတွင်း၌ ပျားဘုရင်မ ရှိ/မရှိ၊ ဥနှင့် ပျားသားလောင်း ပေါက်ပွားမှုအခြေအနေ၊ ပျားစာ(ဝတ်ရည်၊ ဝတ်မှုန်)လုံလောက်မှု ရှိ/မရှိ၊ ရောဂါကျရောက်မှု ရှိ/မရှိ၊ ပုံမှန်စစ်ဆေးပေးခြင်း၊ မိုးရာသီတွင် အစိုဓာတ်နှင့် ရောဂါများကို အထူးဂရုပြုခြင်း၊ ခြောက်သွေ့ရာသီတွင် ရေနှင့် ပျားစားကျက် (ပန်းစားကျက်) လုံလောက်စေရန် စီမံဆောင်ရွက်ခြင်း၊ ပျားစာ(ပန်း)ရှားပါးချိန်တွင် အစာအရံထားရှိခြင်း/လိုအပ်လျှင် ဖြည့်စွက်အစာကျွေးခြင်း။

**(င) ပျားရည်စုဆောင်းခြင်း၊ ထုတ်ယူခြင်း။** ပျားအုံတစ်အုံလုံးမှ ပျားရည်ကို အလွန်အကျွံထုတ်ယူခြင်းမှ ရှောင်ကြဉ်၍ ပျားများအတွက် လုံလောက်သောအစာများ အရန်ချန်လှပ်ထားခြင်း၊ ပျားရည်ထုတ်ယူရာတွင် သန့်ရှင်းသော ပစ္စည်းများ အသုံးပြုခြင်း၊ ပျားဖယောင်း (beeswax)၊ ပျားကော် (propolis)၊ ပျားဝတ်မှုန် (pollen)နှင့် ပျားနို့ (royal jelly) ကဲ့သို့သော ထုတ်ကုန်များကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်း။

**သစ်တောများထိန်းသိမ်းခြင်းဖြင့် ဝတ်မှုန်ကူးခြင်းကို မြှင့်တင်ကြပါစို့**

သစ်တောများသည် သစ်နှင့် သစ်တောထွက်ပစ္စည်းများပံ့ပိုးပေးသည့် သဘာဝအရင်းအမြစ်ဖြစ်ရုံသာမက ဝတ်မှုန်ကူးခြင်းကို ထိန်းသိမ်းပေးသည့် အရေးပါသော ဂေဟစနစ် အခြေခံအဆောက်အအုံ (ecological infrastructure) တစ်ခုလည်း ဖြစ်သည်။ သစ်တောများသည် ဝတ်မှုန်ကူးသတ္တဝါများအတွက် အစာအာဟာရ၊ အနားယူရာနေရာ၊ အသိုက်



ပြုရာနေရာနှင့် ရာသီအလိုက် ခိုလှုံရာနေရာများကို ပံ့ပိုးပေးသဖြင့် ဝတ်မှုန်ကူးမှုဝန်ဆောင်မှုများ ရေရှည်တည်တံ့စေရန် အခြေခံကျပြီး အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပျားနှင့် အခြားဝတ်မှုန်ကူးသတ္တဝါများကို ထိန်းသိမ်းခြင်းသည် ပျားရည်ထုတ်လုပ်မှုကို တိုးတက်စေရုံသာမက သီးနှံများ၏ ဝတ်မှုန်ကူးမှု၊ ထုတ်လုပ်မှုနှင့် အရည်အသွေးကိုလည်း အထောက်အကူပြုနိုင်ပါသည်။ သစ်တောဂေဟစနစ် စီမံအုပ်ချုပ်မှုကို စနစ်တကျဆောင်ရွက်ခြင်း၊ ရာသီသီးနှံစိုက်ခင်းများနှင့် ကော်ဖီစိုက်ခင်းများအပါအဝင် တန်ဖိုးမြင့် သီးနှံဥယျာဉ်ခြံများအနီးတွင် ဒေသမျိုးရင်း ပန်းပွင့်သော အပင်မျိုးစုံကို စိုက်ပျိုးခြင်း၊ သစ်တောနှင့် စိုက်ပျိုးရေး မြေများအကြား ဂေဟစနစ်ဆက်သွယ်မှု ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ပျားမွေးမြူရေးနှင့် တွဲဖက်လျက် သီးနှံသစ်တော ရောနှောစိုက်ပျိုးစနစ်များ စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် သဘာဝဝတ်မှုန်ကူးခြင်းများ ပိုမိုတိုးပွားလာပြီး စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်မှုနှင့် အရည်အသွေးများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

**စိုက်ပျိုးရေးသီးနှံများ ထုတ်လုပ်မှု တိုးတက်ရေး ကိုးကား**

**IPBES. (2016).** *The Assessment Report on Pollinators, Pollination and Food Production: Summary for Policymakers. Bonn, Germany.*

**Klein, A.–M and Vaissière, B. E., et. al., (2007).** *Importance of pollinators in changing landscapes for world crops.*

**Garibaldi, L. A., et al. (2013).** *Wild pollinators enhance fruit set of crops regardless of honey bee abundance.* **Science, 339**(6127), 1608–1611.

# လန်ဒန်မြို့၌ ပထမဆုံး အလိုအလျောက်မောင်းနှင်သည့် တက္ကစီဝန်ဆောင်မှုစတင်




လန်ဒန် စက်တင်ဘာ ၄

အမေရိကန် အငှားယာဉ်ဝန်ဆောင်မှုကုမ္ပဏီ Uber Technologies နှင့် ဗြိတိန်နည်းပညာကုမ္ပဏီ Wayve Technologies တို့သည် လန်ဒန်မြို့တွင် အလိုအလျောက်မောင်းနှင်သည့် တက္ကစီ (self-driving taxi/ robotaxi) များကို စတင် ပြေးဆွဲနေပြီဖြစ်သည်။ အဆိုပါအစီအစဉ်သည် လန်ဒန်မြို့တွင် ပထမဆုံးစတင်ခဲ့သည့် အလိုအလျောက် မောင်းနှင်သော တက္ကစီဝန်ဆောင်မှုဖြစ်သည်။

အဆိုပါ အလိုအလျောက်မောင်းနှင်သည့် တက္ကစီများတွင် ဒေသတွင်း ယာဉ်အသွားအလာအခြေအနေများမှ လေ့လာသင်ယူထားသည့် အအောင်စနစ်နှင့်ပတ်ဝန်းကျင်ကို စောင့်ကြည့်ရန် ကင်မရာများ တပ်ဆင်ထားသည်။ သို့သော် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ဝင်ရောက် ထိန်းချုပ်နိုင်ရန် လူသားယာဉ်မောင်း တစ်ဦးက ယာဉ်မောင်းခုံတွင် ထိုင်ပေးထားမည်ဖြစ်သည်။

ကုမ္ပဏီနှစ်ခုသည် ယခုနှစ်နှောင်းပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌လည်း စမ်းသပ်ပြေးဆွဲမှုများ ပြုလုပ်ရန်စီစဉ်ထားသည်။ ယင်းစမ်းသပ်မှုအတွက် ဂျပန်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ Nissan Motor က မော်တော်ယာဉ်များ ပံ့ပိုးပေးမည်ဖြစ်သည်။ တိုကျိုစမ်းသပ်မှုတွင် Wayve ၏ AI Driver စနစ်တပ်ဆင်ထားသည့် Nissan LEAF မော်တော်ယာဉ်များကို အသုံးပြုရန် စီစဉ်ထားသည်။

Wayve Technologies ၏ Commercial and Operations ဒုတိယဥက္ကဋ္ဌ ကေးတီဖစ်ရှာ က AI နည်းပညာနှင့် AI ယာဉ်မောင်းစနစ်ကို အသုံးပြုခြင်းသည် သဘာဝကျသော မောင်းနှင်မှုအတွေ့အကြုံကို ရရှိစေကြောင်း ပြောကြားခဲ့သည်။ ဥရောပတွင် အခြား ကုမ္ပဏီများကလည်း လန်ဒန်၌ အလိုအလျောက်မောင်းနှင်သည့် တက္ကစီများ ပြေးဆွဲရန် ရည်ရွယ်နေကြသဖြင့် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာဖွယ်ရှိသည်။ ယခုကဲ့သို့သော အလိုအလျောက် မောင်းနှင်သည့် တက္ကစီဝန်ဆောင်မှုများကို အမေရိကန်နှင့် တရုတ်နိုင်ငံတို့တွင်လည်း မြို့အချို့၌ စတင်အသုံးပြုနေပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ ဗီဇာကင်းလွတ်ခွင့်ကာလကို ရက်ပေါင်း ၆၀ မှ ၃၀ သို့ လျှော့ချမည်

ဗန်ကောက် စက်တင်ဘာ ၄

စက်တင်ဘာ ၁၅ ရက်မှစတင်၍ နိုင်ငံအများအပြားမှ ထိုင်းနိုင်ငံသို့ လာရောက်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခွင့်ကာလကို ရက်ပေါင်း ၆၀ မှ ရက်ပေါင်း ၃၀ သို့ လျှော့ချလိုက်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်းကို ကူညီထောက်ပံ့ရန်အတွက် ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခွင့်ကို ရက်ပေါင်း ၆၀ အထိ ပေးထားခဲ့သည်။ အဆိုပါအပြောင်းအလဲသည် နိုင်ငံပေါင်း ၆၀ မှ လာရောက်သည့် ခရီးသွားများအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူနိုင်စေရေးအတွက် ၂၀၂၄ ခုနှစ်တွင် ကာလရှည်ကြာ ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခြင်းကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ကာလရှည်ကြာ နေထိုင်ခွင့်ကို အလွဲသုံးစားလုပ်၍ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခြင်းကိုတားဆီးရန် ရည်ရွယ်၍ ယခုကဲ့သို့ စည်းမျဉ်းပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှား၌ အခမဲ့ကျောင်းအစားအစာ စားသုံးပြီး ၁၇၀၀ ကျော် အစာအဆိပ်သင့်

ဂျကာတာ စက်တင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံ၌ သမ္မတ ပရာဘိုဝိုဆူဘီယန်တို၏ ကျောင်းအခမဲ့ အစားအစာ ကျွေးမွေးရေးအစီအစဉ်မှ ပေးဝေသောအစားအစာများကို စားသုံးပြီးနောက် အစာအဆိပ်သင့်၍ နေမကောင်းဖြစ်သည့် ကျောင်းသားနှင့် ဆရာ ၁၇၀၀ ကျော်ရှိသည်ဟု သိရသည်။ ယခုသီတင်းပတ်အတွင်း နိုင်ငံအတွင်းရှိ ဒေသအချို့တွင် အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၃ ရက်က အလယ်ပိုင်းဂျာဗားပြည်နယ် အထက်တန်းကျောင်းရှိ ဆရာနှင့် ကျောင်းသား ၈၀၀ ခန့်မှာ အစားအစာစားပြီးနောက် ဝမ်းသွားခြင်းနှင့် အော့အန်ခြင်းတို့ ခံစားခဲ့ရသည်ဟု သိရသည်။ အစားအစာနမူနာများကို စစ်ဆေးပြီးနောက် အစားအစာအချို့တွင် ချဲ့ကျိုကျိုဖြစ်နေသည်ကို တွေ့ရှိရကြောင်း အထက်တန်းကျောင်းအုပ်က ပြောသည်။ ချဲ့ကျိုကျိုဖြစ်နေသည့်အပိုင်းကို ဖယ်ရှားထားပြီးဖြစ်ကာ အခြားအစားအစာများမှာမူ ကောင်းမွန်သည်ဟု ၎င်းက ဆက်ပြောသည်။

အရှေ့ဂျာဗားပြည်နယ်တွင်လည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ပြီး အစားအစာများကို စားသုံးပြီးနောက် နေမကောင်းဖြစ်သူ ကျောင်းသား ၆၀၀ ကျော်ရှိသည်။ အစာအဆိပ်သင့်သည့် ဖြစ်ရပ်များကို ပြင်းပြင်းထန်ထန် ကိုင်တွယ်ရမည်ဟု အမျိုးသားအာဟာရအေဂျင်စီအကြီးအကဲက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် လူပေါင်း ၇၂ သန်းကို အခမဲ့အစားအသောက် စီစဉ်ကျွေးမွေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# နယူးယောက်မြို့ အစိုးရကျောင်းများ၌ ကျောင်းသားအများစု၏ မျိုးဆက်သစ်ဉာဏ်ရည်တုအသုံးပြုမှု ယာယီပိတ်ပင်

နယူးယောက် စက်တင်ဘာ ၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အစိုးရကျောင်းတက်ရောက်နေသည့် ကျောင်းသားအများစုအနေဖြင့် Generative Artificial Intelligence (AI) (မျိုးဆက်သစ်ဉာဏ်ရည်တု) ပါဝင်သည့် ဆော့ဖ်ဝဲများ အသုံးပြုခြင်းကို ယာယီပိတ်ပင်သွားမည်ဖြစ်ကြောင်း မြို့အာဏာပိုင်များက ပြောကြားသည်။

နယူးယောက်မြို့တော်ဝန် ဇိုရန် မမ်ဒါနီက စက်တင်ဘာ ၂ ရက် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ မူဝါဒသည် 2-K မှ ၈ တန်းအထိ ကျောင်းသားများကို အဓိကသက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တစ်နှစ်တာ ယာယီပိတ်ပင်မှုသည် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် စတင်မည်ဖြစ်ပြီး မူဝါဒ၏ အကျိုးသက်ရောက်မှုများကို ပညာသင်နှစ်တစ်လျှောက် လေ့လာအကဲဖြတ်သွားမည်ဖြစ်သည်။ သို့သော် ဆရာ ဆရာမများအနေဖြင့် သင်ခန်းစာအစီအစဉ်ရေးဆွဲခြင်းနှင့် အခြားလုပ်ငန်းဆိုင်ရာကိစ္စများအတွက် AI ကို အသုံးပြုနိုင်မည်ဖြစ်သည်။ သို့ရာတွင် အသုံးပြုသည့် AI ကိရိယာများသည် မြို့၏သတ်မှတ်ထားသော လုံခြုံရေးစံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။

တစ်ဖက်တွင် ကွန်ပျူတာသိပ္ပံကဲ့သို့ အသက်မွေးဝမ်းကျောင်းအတွက် ကြိုတင်ပြင်ဆင်ပေးသည့် အသက်မွေးဝမ်းကျောင်းဦးစားပေးအစီအစဉ်များတွင် ပါဝင်သော ကျောင်းသားများအတွက် AI အသုံးပြုခွင့်ကို ခြွင်းချက်အဖြစ်ခွင့်ပြုထားသည်။ အထက်တန်းကျောင်းသားများအတွက်လည်း AI ကို ထိန်းချုပ်ထားသည့် အစီအစဉ်များနှင့် AI သိနားလည်မှုဆိုင်ရာ သင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ကလေးများ၏ နေ့စဉ် စခရင်ကြည့်ရှုမှုကိုလည်း ကန့်သတ်ရန် မြို့က အကြံပြုထားသည်။ တတိယတန်းမှ ပဉ္စမတန်းအထိ တစ်နေ့လျှင် မိနစ် ၃၀ နှင့် ဆဋ္ဌမတန်းမှ အဋ္ဌမတန်းအထိ တစ်နေ့လျှင် မိနစ် ၄၅ ထက်မပိုရန် အကြံပြုထားသည်။ **အင်န်အိတ်ချ်ကေ**

# နီပေါနိုင်ငံ၌ ရွံ့နွံပြိုကျမှုကြောင့် သေဆုံးသူ ၁၂၈၇ ဦးရှိ၊ ၅၀၈၃ ဦး ပျောက်ဆုံးနေဆဲဖြစ်

ခတ္တမန္ဒူ စက်တင်ဘာ ၄

နီပေါနိုင်ငံ၌ ပြင်းထန်သည့်ရွံ့နွံပြိုကျမှုကြောင့် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ အထိ သေဆုံးသူစုစုပေါင်း ၁၂၈၇ ဦးရှိပြီး ပျောက်ဆုံးနေသူ ၅၀၈၃ ဦးရှိကြောင်း အမျိုးသားဘေးအန္တရာယ်လျှော့ပါးရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါသဘာဝဘေးကြောင့် နေအိမ်အလုံး ၇၅၇၀၊ အစိုးရအဆောက်အအုံ ၄၈ လုံး ပျက်စီးသွားခဲ့ကြောင်း သိရသည်။ စာသင်ကျောင်း ၁၈ ကျောင်းထိခိုက်ခဲ့ကာ ၎င်းတို့အနက် ၁၁ ကျောင်းမှာ လုံးဝပျက်စီးသွားခဲ့ပြီး ခုနစ်ကျောင်းမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ခုနစ်လုံးလည်း ထိခိုက်ခဲ့ကြောင်း ပဏာမသုံးသပ်ချက်များအရ သိရသည်။

ထို့ပြင် လမ်း ၅၅ ကီလိုမီတာမှာ လုံးဝပျက်စီးသွားခဲ့ပြီး မော်တော်ယာဉ် သွားလာနိုင်သောတံတား ၃၇ စင်းမှာလည်း အသုံးပြု၍ မရတော့ကြောင်း သိရသည်။

ကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း နီပေါ တပ်မတော်က ပြောကြားသည်။ **ဆင်ဟွာ**

# ဂါနာ၌ တရားမဝင်ရွှေတူးဖော်မှုကြောင့် ခုနစ်ဦး သေဆုံး

အက်ခရာ စက်တင်ဘာ ၄

ဂါနာနိုင်ငံ အာရှန်တီဒေသ၌ တရားမဝင် ရွှေတူးဖော်မှုတွင် တွင်းပြိုကျ၍ ခုနစ်ဦးခန့် သေဆုံးခဲ့သည်ဟု နိုင်ငံ၏ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ အစည်းက စက်တင်ဘာ ၄ ရက်တွင် အတည်ပြုခဲ့သည်။

အက်ခရာမြို့ မြောက်ဘက် ၂၄၀ ကီလိုမီတာအကွာရှိ အမန်ဆီတောင်ပိုင်းခရိုင်၌ စက်တင်ဘာ ၃ ရက် ည ၉ နာရီ မိနစ် ၄၀ က အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သတ္တုတွင်းပြိုကျမှုဖြစ်စဉ် ဖြစ်ပွားချိန်၌ သတ္တုတွင်းလုပ်သား ၁၂ ဦးခန့်သည် သတ္တုတွင်းအတွင်းသို့ ဆင်းကာ ရွှေတူးဖော်မှုလုပ်ငန်း လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လုံခြုံရေးကောင်စီနှင့် ရဲတပ်ဖွဲ့တို့သည် မြေအောက်၌ နောက်ဆုံးကျန်ရှိနေသည့် အလောင်းကို ပြန်လည်ထုတ်ယူနိုင်ရေး ကြိုးပမ်းနေသည်ဟု သိရသည်။ **ဆင်ဟွာ**

# ယီမင်နိုင်ငံ၏ အနောက်ပိုင်း၌ ပဋိပက္ခများကြောင့် လူ ၉၀ ထက်မနည်း သေဆုံး

အေဒင် စက်တင်ဘာ ၄

ယီမင်နိုင်ငံအနောက်ပိုင်း ရှေ့တန်းစစ်မျက်နှာများ၌ စက်တင်ဘာ ၃ ရက်မှစကာ ပြင်းထန်သည့်ပဋိပက္ခများကြောင့် ယီမင်အစိုးရတပ်ဖွဲ့ ၄၀ နှင့်ဟူသီ၅၀ သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၄ ရက် အစောပိုင်း ဟူသီတို့က ပြင်းထန်သည့် ထိုးစစ်ဆင်မှု စတင်လုပ်ဆောင်ချိန်မှစကာ ထိုနေရာရှိ ပဋိပက္ခများအတွင်း အစိုးရတပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးခဲ့ကြောင်း ဟိုဒေးဒါပြည်နယ်အတွင်း ပင်လယ်ကမ်းရိုးတန်း ရှေ့တန်းစစ်မျက်နှာမှ ဆေးဘက်ဆိုင်ရာတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဟိုဒေးဒါနှင့် တာအစ်ဇ်ရှေ့တန်းစစ်မျက်နှာများတွင် သေဆုံးသွားသည့် ဟူသီ ၅၀ ထက်မနည်း၏ ရုပ်အလောင်းများကို ဟိုဒေးဒါရှိဆေးရုံများတွင် လက်ခံရရှိထားကြောင်း ဟူသီထိန်းချုပ်ထားသည့် ဒေသများရှိ ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

နှစ်ဖက်စလုံးက ရှေ့တန်းစစ်မျက်နှာများသို့ တပ်ဖွဲ့များ၊ သံချပ်ကာယာဉ်များနှင့် ပစ္စည်းကိရိယာများ ပို့ဆောင်ခဲ့ခြင်းကြောင့် ပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။ **ဆင်ဟွာ**



## နေပြည်တော် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၂၆) သင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၄

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့နယ်များ၌ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အရေအတွက် ၂၄၂ ဦးရှိသည့်အနက် ယခုဒုတိယအကြိမ် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို လယ်ဝေးမြို့နယ်မှ သင်တန်းသား ၆၇ ဦးနှင့် ဒက္ခိဏသီရိမြို့နယ်မှ သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၇၇ ဦးဖြင့် ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ သင်တန်းကာလ လေးပတ်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။**

အဆိုပါ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၂/၂၀၂၆) သင်တန်းဆင်းပွဲကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် နောင်လူငယ်များ၏ စံနမူနာအုပ်ချုပ်ရေးမှူးကောင်းများအဖြစ် ရှေ့ဆောင်လမ်းပြဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်သူများ၏ ယုံကြည်အားကိုးမှုကိုရရှိရန်နှင့် အုပ်ချုပ်ရေးတာဝန်များအား အောင်မြင်စွာ ထမ်းဆောင်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌက လယ်ဝေးမြို့နယ်မှ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး နေပြည်တော်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းက ဒက္ခိဏသီရိမြို့နယ်မှ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ကာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## မြစ်ကြီးနားမြို့ပေါ်၌ မိုးများ၍ လယ်မြေများနှင့် ရပ်ကွက်လမ်းများ ရေဝပ်တင်ကျန်မှုအပေါ် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၄

မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များနှင့် လယ်မြေများ၌ မိုးများသဖြင့် ရေဝပ်မှုများကြောင့် ပမ္မတီး(ဘုမ္မော)ရပ်ကွက် ပမ္မတီးကွင်းအတွင်းရှိ တောင်သူများ၏ လယ် ၄၅ ဧက စိုက်ပျိုးမှုအဆင်ပြေစေရေး ဘုမ္မောချောင်းအတွင်း ရေစီးဝင်သည့် မြောင်းသွယ်များ ဖောက်လုပ်ခြင်း၊ မြောင်းများပိတ်ဆို့မှုဖြစ်ပေါ်သည့်အပေါ် အမြန်ဆုံးရှင်းလင်းဖယ်ရှား၍ ရေမြောင်းစနစ်တကျဖောက်လုပ်ခြင်း၊ ပမ္မတီးရပ်ကွက်အတွင်း ပမ္မတီး-ရွှေအိုက် လမ်းဆုံနေရာမှ ပမ္မတီးဈေးသွားလမ်းတစ်လျှောက် ရေဝပ်တင်ကျန်မှုကို ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရွှေအိုက်ရပ်ကွက်အတွင်း Polytechnic University သွားလမ်းပေါ်၌ ပမ္မတီးကွင်းရှိ လယ်ကွင်းများမှ ရေများ ရေစီးရေလာကောင်းမွန်ရေး၊ ရေဝပ်တင်ကျန်မှုမဖြစ်ပေါ်စေရေးအတွက် ရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်ပေးနိုင်ရေး၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများနှင့် ကျူးကျော်မြေဖို့မှုမဖြစ်ပေါ်စေရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့ညနေပိုင်းကလည်း မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက် CIC နာဇရတ်ကျန်းစာကျောင်းဝင်း၌ အဆိုပါအသင်းတော် ယာယီတိမ်းရှောင်စခန်းနှင့် မျက်မှောက်တော်အသင်းတော်၊ အံ့ဖွယ်အသင်းတော် ယာယီတိမ်းရှောင်စခန်းတို့၌ ခိုလှုံနေထိုင်လျက်ရှိသော ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ယာယီတိမ်းရှောင်နေထိုင်လျက်ရှိသော အိမ်ထောင်စု ၆၄ စုတို့နှင့် တွေ့ဆုံပြီး အဆိုပါစခန်းများအတွင်း နေအိမ်များပြုပြင်တည်ဆောက်နိုင်ရေးအတွက် စခန်းအလိုက် ငွေကျပ်သိန်း ၇၀ ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ထိုသို့တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါး ရေတိုက်စားမှုဒဏ် ကာကွယ်ရန်နှင့် ကမ်းပါးမြေမပြိုကျစေရန် ထိန်းသိမ်းခြင်း လုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ရန်ကုန်အသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းအတွက် ပွဲချိန် ၅၅ မိနစ်တွင် သန်းပိုင်၊ ပွဲချိန် ၆၅ မိနစ်တွင် မောင်မောင်လွင်နှင့် ပွဲချိန် ၇၅ မိနစ်တွင် အဲလ်ဘတ်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့ကြသဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သုံးမှတ်ရယူခဲ့သည်။

တောင်ဥက္ကလာပဒေသာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရန်ကုန်စီးတီးနှင့် ရတနာပုံအသင်းပွဲစဉ်သည် အပြန်အလှန်အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ရရှိလာသည့်အခွင့်အရေးများနှင့် အပိုင်ကန်သွင်းခွင့်များကို နှစ်သင်းစလုံး ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် စတားစီးတီးကွင်း၌ မြဝတီအက်ဖ်စီနှင့် ရှမ်းယူနိုက်တက်အသင်း၊ သီဟဒီပကွင်း၌ သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

❂ *ကျောဖုံးမှ*

အခြားတွဲဆိုင်းများအဖြစ် တွဲဆိုင်း (၆) တွင် ဘုန်းမြင့်မြတ်နှင့် ဒေးဗစ်ဂျိမ်းစ်၊ တွဲဆိုင်း (၅) တွင် အောင်စံဟိန်းနှင့် ဇေယျာနိုင်၊ တွဲဆိုင်း (၃) တွင် နေထက်အောင်နှင့် ခန့်စည်သူ၊ တွဲဆိုင်း (၂) တွင် နိုင်နိုင်းအောင်နှင့် ဖြိုးခန့်ပိုင်၊ တွဲဆိုင်း (၁) တွင် အောင်ဘိုဟိန်းနှင့် စိုးမိုးနိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-3MA**



## လှိုင်ကော်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၄**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကယားပြည်နယ် ဥပဒေချုပ်ရုံး၌ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းနိုင်၊ ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်တို့က ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများလှူဒါန်းခြင်း၊ ကိုးပါးသီလခံယူဆောက်တည်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော် နာယူကြသည်။

ထို့နောက် နှစ်ပတ်လည်နေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲ၌ဆုရရှိသော အားကစားအသင်းများ၊ ဥပဒေအရာရှိကျင့်ဝတ်တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်နှင့် ဆွေးနွေးခြင်းတွင် ထူးချွန်သူများ၊ အမှုထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းတွင် ထူးချွန်သူများ၊ ပြည်နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် စိုက်ခင်းအဖွဲ့တို့ကို ထူးချွန်ဆုများ၊ ဂုဏ်ပြုဆုများ ချီးမြှင့်၍ ကံစမ်းမဲဖောက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူးဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် အမ်-၁၆ သေနတ်တစ်လက်၊ ကာဘိုင်သေနတ်နှစ်လက်၊ ၉ မမပစ္စတိုသေနတ်လေးလက်၊ ပွိုင့်-၃၈ ပစ္စတို သေနတ်တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ လက်ပစ်ဗုံး လေးလုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံး၊ ကျည်အိမ်ခြောက်ခုနှင့် ကျည်မျိုးစုံ ၆၆ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သုံးလက်အတွက် ငွေကျပ် သိန်း ၁၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ငွေကျပ် ငါးသိန်း၊ ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး ၄ လုံး အတွက် ငွေကျပ် ၁၂ သိန်း၊ လမ်းလျှောက်စကားပြောစက် သုံးလုံးအတွက် ငွေကျပ် ခြောက်သိန်း စုစုပေါင်း ငွေကျပ် ၂၇၃ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၁၇ ဦးအတွက် ဆုကြေးငွေများနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ အမျိုးသားတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ မှော်ဘီမြို့နယ်မှ အမျိုးသားတစ်ဦး၊ လှိုင်သာယာမြို့နယ်မှ အမျိုးသားတစ်ဦး၊ မိချောင်းအိုင်ရွာသစ်မှ အမျိုးသား တစ်ဦး၊ မြောက်ဒဂုံမြို့နယ်မှ အမျိုးသားတစ်ဦး၊ ကျောက်တန်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ အမျိုးသားတစ်ဦး၊ ဝေါမြို့နယ်မှ အမျိုးသားတစ်ဦး၊ သနပ်ပင်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မှ အမျိုးသားတစ်ဦး၊ ကရင်ပြည်နယ် ကျုံဒိုးမြို့နယ်မှ အမျိုးသားတစ်ဦး၊ မြဝတီမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်မှ အမျိုးသားတစ်ဦးနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ အမျိုးသားနှစ်ဦး စုစုပေါင်း ၁၇ ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

● ***ကျောဖုံးမှ***

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမား ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းက ဥပဒေရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကိုနှစ်ပွဲ -တစ်ပွဲဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းကပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း။

ပထမအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းက ပြည်ထဲရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီမှ စတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ် ပွဲစဉ်များအပြီးတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❈ ***ကျောဖုံးမှ***

လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Mr. Daddy Hot Pot & Grill ဟော့ပေါ့ဆိုင်၌ စက်တင်ဘာ၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ဆိုင်ရှင်ဖြစ်သူ ဒေါ်ဖြိုးဇာလတ် (၃၁)နှစ်သည် ဆိုင်ဝန်ထမ်းများနှင့်အတူ ဆိုင်သိမ်းနေစဉ် MASK တပ်ထားသည့် အမျိုးသားလေးဦးမှ ဆိုင်အတွင်းဝင်ရောက်လာပြီး ဓားဖြင့်ခြိမ်းခြောက်၍ Iphone 16 pro အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ Redmi Note 7 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ Oppo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ငွေ ၁၀ သိန်းကျပ်ခန့်နှင့် အသုံးအဆောင်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၉ သိန်းခန့်အား လုယက်ယူဆောင်ကာ ဆိုင်ရှင်ဖြစ်သူ ဒေါ်ဖြိုးဇာလတ်အား ဓားဖြင့်ထိုး၍ထွက်ပြေးသွားခဲ့သဖြင့် သတင်းအရ ပြစ်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး ဘုရင့်နောင်နယ်မြေ ရဲစခန်း(ပ) ၁၉၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက တရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းရယူ စုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူ တရားခံ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁) ရပ်ကွက်နေ ဆိုင်မွန်စွန်ကျဲထန်း (၂၉)နှစ်အား အဆိုပါရပ်ကွက် ကျန်စစ်သားလမ်းနှင့် ကောင်းဓမ္မာရုံလမ်းထောင့်၌ လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ တရားခံ ခန့်လင်းထွဋ် (၃၂)နှစ်နှင့် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်နေ တရားခံ ထက်အောင်(ခ) ဖိုးဂျိမ်း(၂၈)နှစ်တို့ နှစ်ဦးအား အမှတ်(၁၁)ရပ်ကွက်ရှိ ပုဂံလမ်းမပေါ်၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် အရိုးအသွား ၁၀ လက်မခန့်ရှိ ဆန်ထိုးပိုက်တစ်ချောင်းနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် Oppo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ဖြင့်လည်းကောင်း၊ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်နေ အေးမျိုးကျော် (ခ)ပါကညော (၂၃) နှစ်အား ၎င်း၏နေအိမ်၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံလေးဦးကို သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းနိုင်ရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




ပညာရွှေအိုး
လူမခိုး

ပညာရဲရင့်
ပွဲလယ်တင့်

## ဒီးမော့ဆိုမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဒီးမော့ဆို စက်တင်ဘာ ၄**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ဒီးမော့ဆိုမြို့ စံပြ(၆)မိုင်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းကို ဒေါ့ပို့စီကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့က ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးဝေယံထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စံပြ(၆)မိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်ဗျားမြာအေးက ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**စိုင်းရွှေအုန်း**



## ရေနံချောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ရေနံချောင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ပန်းအလှထိုးနည်းသင်တန်းနှင့် စာအုပ်စာစောင်ပြပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ချိုမီအောင်နှင့် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်ကြည်တို့က အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား အလုပ်စေခိုင်းမှု ပပျောက်စေရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသောကလေးအလုပ်သမားဆိုင်ရာ အခွင့်အရေးများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။



ဆက်လက်၍ ပန်းအလှထိုးနည်းသင်တန်း ဖွင့်လှစ်ပို့ချရာ ကျောင်းသားကျောင်းသူ ၃၀ တက်ရောက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**

## ဆင်ဖြူကျွန်း(အ-ထ-က)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ပေးအပ်

**စလင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ (အ-ထ-က) ကျောင်းရှိ ကျောင်းသားကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID များ ထုတ်ပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ဆင်ဖြူကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစည်သူလွင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ထုတ်ပေးရခြင်းများကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**မောင်လွင်(စလင်း)**

## ဖရူဆိုမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်

**ဖရူဆို စက်တင်ဘာ ၄**

ကယားပြည်နယ် ဖရူဆိုမြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ဖရူဆိုမြို့ ဒီးဒါးကူးရပ်ကွက်ရှိ ပြည်သူများအား ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယနေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ဒေါတမရပ်ကွက် တပ်ဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးစန်းလင်းကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒီးဒါးကူးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကောင်းကြွယ်က ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ပို့ချခဲ့ကြောင်း သိရသည်။

**လင်းမြတ်**



## စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းအတွင်း ငါးမျိုးစိုက်ထည့်

**စဉ့်ကိုင် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာရှိ စွန်းရဲအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ရာတွင် စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(တံတားဦး)၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလှအောင်၊ ခရိုင်ငါးလုပ်ငန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ငါးမြစ်ချင်းနှင့် ရွှေဝါငါးမျိုး ကောင်ရေ ၂၇၀၀၀ တို့အား အင်းအတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

## ဝါးခယ်မမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဝါးခယ်မ စက်တင်ဘာ ၄**

ဝါးခယ်မမြို့နယ် ဥပဒေရုံးနှင့် ရေကျော်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယနေ့မွန်းလွဲပိုင်းက ရေကျော်ရပ်ကွက်ရှိ မြို့မဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ရာ ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းမှ သင်တန်းဆင်း ရေကျော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်သန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါး ဥပဒေအကြောင်းအရာများကိုပို့ချပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ပွင့်ဝေဖြိုးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရီရီလွင်(ပြန်/ဆက်)**



## သရက်မြို့၌ တိရစ္ဆာန်အစာအိတ်၊ မွန်ဘားဆား မြက်မျိုးစေ့နှင့် စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်

**သရက် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တိရစ္ဆာန်အစာအိတ်ထောက်ပံ့ပေးခြင်း၊ မွန်ဘားဆား မြက်မျိုးစေ့နှင့် စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ဦးစီးဌာနမှူးရုံး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပရာ သရက်မြို့နယ်တွင် ရောဝတီမြစ်ရေဝင်၍ ပြောင်းရွှေ့နေရသော ရေပေါ်ကျွန်းကျေးရွာအား တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အာဟာရပြည့် တိရစ္ဆာန်အစာအိတ် ထောက်ပံ့ပေးခြင်းဖြစ်ပြီး အာဟာရပြည့် မြက်မျိုး စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုဖြင့် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားလိုကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးကျော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) နှင့် အမှတ်(၂)၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်တို့က ဒဟတ်တံဆိပ် 30Kg ပါ တိရစ္ဆာန်အစာအိတ် ၂၀ အား ပေးအပ်ခဲ့ကြပြီး တိုင်းဒေသကြီး ရန်ပုံငွေမှ စမ်းအိုင့်အုပ်စု သီးကုန်း ကျေးရွာ တောင်သူဦးမြင့်လွင်၏ ယာမြေတွင် အာဟာရပြည့်မြက်မျိုး တိရစ္ဆာန်အစာပင် တစ်ကေစိုက်ပျိုးသွားမည်ဖြစ်ရာ စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ညောင်တုန်း စက်တင်ဘာ ၄**

ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာရှိ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) မြစ်ကမ်းထိန်းလုပ်ငန်း



ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြစ်ကမ်းပါးအခြေအနေများ၊ မြစ်ရေစီးဆင်းမှုအခြေအနေများ၊ ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မြစ်ကမ်းထိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယာယီမြစ်ကမ်းထိန်းပန်းတာ တည်ဆောက်သည့်နေရာသို့ ရောက်ရှိပြီး ကမ်းထိန်းလုပ်ငန်းတွင် ကူညီဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်တွေ့ဆုံ၍ အချိုရည်များနှင့်ရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၄**

မော်လမြိုင်ကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးမှူး ဦးသိုက်ထွန်းက တည်ဆဲဥပဒေများအရ လုပ်ငန်းရှင်များ



အနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များ၊ အခွန်ပေးဆောင်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များအပါအဝင် သိရှိလိုက်နာ ဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ရှင်းလင်း ပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည့် အခွန်ဆိုင်ရာကိစ္စရပ်များကို မေးမြန်းဆွေးနွေးကြပြီး မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့သည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ကျောင်းတော်ရာလမ်း အုတ်ရေမြောင်းနှင့် မြောင်းဖုံးတည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ စက်တင်ဘာ ၄**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၅ သန်းဖြင့် ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းသွယ်မှ ရွှေပေါက်ပင်တိုက်လမ်းအထိ ကျောင်းတော်ရာလမ်း အုတ်ရေမြောင်းနှင့် မြောင်းဖုံးတည်ဆောက်ခြင်း(ပေ ၂၃၀၊ ၄ပေ၊ ၃ ပေ ၆ လက်မ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦးနှင့် တာဝန်ရှိ



သူများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲအမှုဆောင်သစ် ရွေးချယ်

**မော်လမြိုင် စက်တင်ဘာ ၄**

မော်လမြိုင်မြို့တွင် မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ (ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ) အမှုဆောင်သစ် ရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံး၌ ကျင်းပရာ အမှုဆောင်သစ် ၁၁ ဦးအား ရွေးချယ်အတည်ပြုခဲ့ပြီး ဗီဒီယိုအခြေခံအဖွဲ့



(ဗဟို) ဘဏ္ဍာရေးမှူး ဦးလှိုင်မြင့်ဦးက ကျမ်းသစ္စာ ကျိန်ဆိုခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သည်။

ထိုသို့ရွေးချယ်ရာတွင် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများအရ သက်တမ်းကုန်ဆုံးသော သို့မဟုတ် ပြန်လည်ပြင်ဆင်ရန် လိုအပ်သော ပြည်နယ်အဆင့် ဗီဒီယိုလုပ်ငန်း ကြီးကြပ်ရေး ကော်မတီများနှင့် အခြေခံအဖွဲ့များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့၏ ကြီးကြပ်မှုဖြင့် ပြန်လည်ရွေးချယ် ဖွဲ့စည်းရခြင်း ဖြစ်ကြောင်း သိရသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

## ရေနံချောင်းမြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေး

**ရေနံချောင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် မြို့နယ်အခွန်ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုတို့က တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များ၏ သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ရွှေကျင်မြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရွှေကျင် စက်တင်ဘာ ၄**

ရွှေကျင်မြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေကျင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့မရဲစခန်း ရဲမှူးညိုဝင်းနှင့် တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ပျဉ်းမပင်ရပ်ကွက် မြို့ဦးကပ်ကျော်ဘုရားဝင်းအတွင်း အပြင်တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## အောင်လံမြို့၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကျင်းပ

**အောင်လံ စက်တင်ဘာ ၄**

အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၂၆)ဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



ဒိုက်ဦးမြို့နယ် လူမှုဖူလုံရေးရုံး၌ စက်တင်ဘာ ၃ ရက်တွင် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်က အကျိုးဝင်မှတ်ပုံတင်ထားသော ဇော်မင်းမင်း(သံပန်း)အလုပ်ဌာနမှ အာမခံအလုပ်သမားဦးဇော်မင်းမင်း၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၃၆၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ဇာခြည်ထွန်းထံ ပေးအပ်စဉ်။

စိုးထက်ကျော်(ပြန်/ဆက်)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော် အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊အောင်ချမ်းသာရပ်နေ ဦးတင်ဝင်းအောင်၏ သား ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်းGrade-5 မှ မောင်ခိုင်စစ်သူ၏ အမည်မှန်မှာ မောင်ကျော်ဝဏ္ဏ ဖြစ်ပါကြောင်း။

**မောင်ကျော်ဝဏ္ဏ**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မောင်ကျော်ဝဏ္ဏ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းအောင် ၁၄/အဂပ(နိုင်)၂၄၆၄၂၂ ဖြစ်ပါကြောင်း။

**ဦးတင်ဝင်းအောင်**

## အမည်မှန်

ချောက်မြို့၊ အမက (၄) ရွာဟောင်း မူလွန်ကျောင်း Grade-2 မှ (ဘ) ဦးရဲထက်အောင်၏သမီး မခင်လပြည့် ဝန်းအား မအေးပြည့်ပြည့်ဟု ခေါ်ပါရန်။

**မအေးပြည့်ပြည့်**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုင်းမြစိုး၏ သမီး ကျွန်မ နန်းဟျိုးဆိုင် ၁၃/လခန(နိုင်) ဝ၄၅၈၁၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၆၆၉၉၈၆၃၄**

## ကွာရှင်းပြီးကြောင်း အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ဟောင်ရပ်ကွက်နေ ဦးအောင်မြတ်ဦး(ဘ) ဦးဝင်းမောင် ၁၃/တခလ(နိုင်)၀၃၄၆၉၄ နှင့် ဒေါ်နှင်းယုလှိုင်(ဘ) ဦးရဲမြင့် ၁၃/တခလ(နိုင်)၀၄၁၂၁၀တို့သည် ၂-၂-၂၀၂၆ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်မြတ်ဦး**
**၁၃/တခလ(နိုင်)၀၃၄၆၉၄**
**ဝမ်ဟောင်ရပ်ကွက်၊ တာချီလိတ်မြို့၊**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်နိုးလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၇၂၉၅(၄- ၁၀- ၂၀၂၁)**
**အမှတ်-၆/၈၅၊ မကာဟိုခမ်း**
**ရပ်ကွက်၊ တာချီလိတ်မြို့၊**
**ဖုန်း-၀၉-၄၂၈၂၁၁၇၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၄/သစ်တော၊ဦးပိုင်အမှတ် (၈၃)၊ ဧရိယာ (၀.၁၂၄)ကေရှိမြေအား ဒေါ်ရီရီမြင့် အမည်ဖြင့် သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/35653, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးနိုင် ၁၄/အဂပ(နိုင်) ၀၇၅၀၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၉(ဃ) ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(ခ/၇၃)၊ မြေဧရိယာ (၀ ဒသမ ၀၂၇) ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၆၆/၁၉၉၉-၂၀၀၀ အရ ဦးတင်ရွှေ၊ ဒေါ်ခင်ကြီး တို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ ကွယ်လွန်ခဲ့သဖြင့် သမီးဖြစ်သူ ဒေါ်သက်မာမြင့် မှ အမွေဆက်ခံခွင့်ရှိကြောင်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၀၃၃/၂၀၂၆) ဖြင့် မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သက်မာမြင့် ၆/ကစန(နိုင်)၀၉၄၁၂၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ အကွက်အမည်-ညောင်ရမ်းအနောက်အကွက်၊ ဦးပိုင်အမှတ် (၅၀-က) ၊ မြေဧရိယာ( ၀.၂၂၈ ) ကေအနက်မှ မြေဧရိယာ( ၀.၁၂၃)ကေရှိအောက်ဖော်ပြပါအလားအလာရှိသည့်-

(က)အရှေ့လားသော်- ဦးပိုင်အမှတ်(၅၀-ခ)၊ (ခ)အနောက်လားသော်-ဦးပိုင်အမှတ်(၅၀-က)၊(ဂ )တောင်လားသော်-လမ်း၊ (ဃ)မြောက်လားသော်- ဦးပိုင်အမှတ်(၅၁)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသော မြေအမည်ပြောင်း)ပေးရန် ဦးကောင်းမြတ်ဘုန်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ( ၂၅ ) ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်းဘဏ်၏ ကိုယ်စားသန်လျင်ဘဏ်ခွဲ မန်နေဂျာ ဒေါ်နန္ဒာအောင်) | နှင့် | ၁။ ဦးစောဝင်းလှိုင်(ခ) ဦးဝင်းလှိုင် ၂။ ဦးစိန်သောင်းဦး ၃။ ဦးစိုးမင်းထွန်း ၄။ ဦးအောင်နိုင်ထွန်း ၅။ ဒေါ်ငြိမ်းငြိမ်းအေး |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက် ၊ သုမိတ္တာ (၂၁)လမ်း၊ အမှတ် (၈၃၅)နေ (၁) ဦးစောဝင်းလှိုင်(ခ)ဦးဝင်းလှိုင်၊ (၂) ဦးစိန်သောင်းဦး၊ (၃) ဦးစိုးမင်းထွန်း၊ (၄)ဦးအောင်နိုင်ထွန်း၊ (၅)ဒေါ်ငြိမ်းငြိမ်းအေး (ယခုနေ ရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို က တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ ၊ နည်းဥပဒေ ၃ အရ အပေါင်ပစ္စည်းထုခွဲရောင်းချပေးစေ လိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်) မွန်းမတည့်မီ နံနက် (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ စက်တင်ဘာလ (၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နုနုလွင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**တွံတေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့စံရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မမေမြတ်နိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမင်း ၇/နတလ(နိုင်)၀၆၁၇၇၅ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးမင်း**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့ စာတိုက်တဲကြီးကုန်းလမ်းနေ (ဘ) ဦးတင်ဝင်း-(မိ) ဒေါ်စန်းစန်းခိုင်တို့၏သမီး မပိုင်ဩအား မရွှန်းလက်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှန်းလက်သူ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မယ်ဇလီကုန်းအုပ်စု တပ်ပိုးကျေးရွာနေ အထက (ဌေးအိုင်) Grade-12 မှ မယုဝတီခင်၏ ဖခင် ဦးဗဒင်(ခ)ဦးဗဒင်း ၉/မထလ (နိုင်)၂၅၆၅၆၉ သည် အမည်ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဗဒင်(ခ)ဦးဗဒင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့ Baby Centre ကိုယ်ပိုင်ကျောင်း၊ Grade-9 မှ မောင်မင်းသန့်ကျော် ၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဇော်အောင် ၅/ကဘလ(နိုင်)၂၇၂၆၃၇ ဖြစ်ပါကြောင်း။

**ဦးဖြိုးဇော်အောင်**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ဒိုက်ဦးမြို့၊ အမှတ် ၂၊ ကုန်သည်ရပ်၊ အကွက်အမှတ် (၃)၊ အကွက်အမည် ကုန်သည်ရပ်၊ ဦးပိုင်အမှတ် ( ၉၀+၉၄)၊ မြေကွက်အမှတ် (၁၈၆+၄၉၀)၊ ဧရိယာ (၀.၀၉၈၀)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးပိုင်အမှတ်-၉၁၊ (ခ)အနောက်လားသော်- ဦးပိုင်အမှတ် ၈၉^က၊ (ဂ)တောင်လားသော်-ချယ်ရီလမ်း၊ (ဃ) မြောက်လားသော်-ဦးပိုင်အမှတ် -၉၄၊

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးကျော်မင်းသူမှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊**
**ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် (၈၁၃/ခ) အဆောက်အအုံအား ဒေါ်မြင့်မြင့်စိန် (၁၂/ဥကတ(နိုင်) ၀၁၈၀၉၈) အမည်ပေါက် ဂရန်မြေကွက်ကို ကန်ထရိုက်တာ ဦးဗိုလ်ဝင်း (LS-939) မှ တစ်ခန်းတည်း (၆)ထပ်တိုက် အကျယ်အဝန်း (၁၈x၅၄)ပေ ဆောက်လုပ်ပိုင်ဆိုင်ထားပါသည်။

အထက်ပါတိုက်ခန်း၏ ပဉ္စမထပ် (၆)လွှာကို ကန်ထရိုက်တာပိုင်အခြမ်းအား ဦးညီညီ (၈/တတက(နိုင်) ၁၃၅၆၅၇) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို (၂၆-၈-၂၀၂၆) ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်မှုရှိသော ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းသန်း(B.A; H.G.P; R.L; D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) အမှတ်စဉ်- ၈၂၃၉**
**အမှတ် ၃၁၀/ခ-၁၂လမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**Ph: 09-254273550, 09-32934241**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၆၊ ဦးပိုင်အမှတ် ၁၁-က၊ ၅၂လမ်း x၁၀၉ လမ်းထောင့်ရှိ တပ်ကြပ်ကြီး ထွန်းအေး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ခင်ပုလဲမြင့်က တရားပြိုင် တပ်ကြပ်ကြီးထွန်းအေးအပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ် (၂၃၉/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်ပုလဲမြင့် ၅/ ခဥန(နိုင်) ၀၀၁၈၆၆က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၇၄၊ ဦးပိုင်အမှတ် ၃၈ ခဲစင်း/၈၂x၈၄ ကြား၊ မှန်ကင်းကျောင်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှိုင်အောင် ၉/မရမ(နိုင်)၀၂၇၉၁၆က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာ မြေညီထပ်၊ ဆိုင်အမှတ် A-26 ဆိုင်ခန်းသည် ဒေါ်ခင်မေ (၁၂/ဥကတ(နိုင်)၀၃၅၈၆၃) အမည်ပေါက် ပိုင်ဆိုင်သော ဆိုင်ခန်းဖြစ်ပါသည်။ ယခုအခါ ဒေါ်ခင်မေသည် (၉-၂-၂၀၁၈)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ ၎င်းဆိုင်ခန်းအား သားဖြစ်သူ ဦးခင်မောင်မြင့် (၁၂/ဥကတ(နိုင်)၀၀၄၆၀၄)သို့ အမည် လွှဲပြောင်းခွင့်ပြုရန် ယုဇနပလာဇာအုပ်ချုပ်မှုကော်မတီရုံးခန်းသို့ လျှောက်ထားလာပါသည်။ သို့ပါ၍ အမည်လွှဲပြောင်းမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် အောက်ပါလိပ်စာအတိုင်း (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အမည်ပြောင်းကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒုတိယထပ်ရုံးခန်း**
**ယုဇနပလာဇာ**
**မင်္ဂလာတောင်ညွန့်မြို့နယ်**
**Ph: 01-8200801, 01-8200783**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၇၅)၊မုဒိတာအိမ်ရာ(၁)တိုက်ခန်းအမှတ်(C-325)နှင့် ပတ်သက်သော ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များမှာ ပျောက်ဆုံးသွားပါသဖြင့် တော်ဝင် မိသားစုကုမ္ပဏီလီမိတက်သို့ CB Bank PCL(ယခင် သမဝါယမဘဏ်လီမိတက်)အနေဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက တော်ဝင်မိသားစုကုမ္ပဏီလီမိတက်သို့ သတင်းစာကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း လုံလောက်သော အထောက်အထားစာရွက်စာတမ်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက မိတ္တူမှန် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**CB Bank PCL**
**ဖုန်း-09-421005077**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်AYY/18347, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၄/ပသန(နိုင်) ၀၇၃၁၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၉၇၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၁၀/မလမ(နိုင်)၂၃၁၂၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၁၈၀၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်လွင် ၁၀/သထန(နိုင်)၁၀၉၈၆၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4197 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးသီရိအောင် ၁၀/မလမ(နိုင်)၂၃၁၆၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5W/30409 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/8052 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၈-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃) ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့၏ ယာဉ်မှတ်ပုံ တင်စာအုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 73W/62012 အစား 73W/62021 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၈-၂၀၂၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၀) 66W/25383 ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့ အစား ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/96614, Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာသိန်း ၁၄/ဟသတ (နိုင်)၂၉၇၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/34399, KENBO-125, ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၉/မရထ(နိုင်)၀၇၆၆၉၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၇/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၅၆၈)၊ မြေဧရိယာ (၀.၁၁၀) ကေရှိ မြေအား ဒေါ်အိရွှေစင်ဝင်း အမည်ဖြင့် လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန် (အသစ်)၊ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City သန်လျင် ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ (Estella Town House) တိုက်အမှတ် (ETH 662b ) Drive2 အကျယ်အဝန်း (၁၂၇၇) Sqft ရှိ Townhouse အိမ်+ မြေနှင့် ၎င်း Townhouse အိမ်+မြေတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးညဏ်သစ်လှိုင် ၁၂/လမတ(နိုင်)၀၁၆၃၂၁ – ဒေါ်သန်းသန်းခိုင် ၁၂/ဗတထ(နိုင်)၀၀၀၅၅၇ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်

**ဦးသိန်းဖြိုးလွင် ၁၂/သလန(နိုင်)၁၄၂၄၃၃**
**ဒေါ်မိုးမိုးရွှေ ၈/စလန(နိုင်)၁၈၆၂၃၃**
**ဖုန်း–၀၉–၄၀၁၃၂၄၇၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၁) ရပ်ကွက်၊ အေးသုခ(၁)လမ်း၊ အမှတ် (၇၄) (ဒုတက–ကျော်ကျော်လွင် ပါမစ်အမည်ပေါက်မြေ) တွင်ရှိသော (ပေ၆၀xပေ၂၀+၄) အကျယ်အဝန်းရှိမြေကွက်အမှတ် (၇၅) နှင့်ကပ်လျက်တည်ရှိသော မြေကွက်အား ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထားပိုင်ဆိုင်သူ ဦးပရင်းဗဟာဒူး (၉/မမန(နိုင်)၀၇၃၉၉၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးကိုကို (၁၂/လကန(နိုင်) ၁၅၅၀၂၆) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့်မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေမျိုးကြည် LLB, CBL, DBL, DIL**
**အထက်တန်းရှေ့နေ စဉ်–၃၃၂၈၆/၂၀၁၀**
**အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၇၉၉၄၇၇၆၇၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မင်္ဂလာလမ်း၊ မြေကွက် အမှတ်(၁၀၉၈)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်တင်ဝင်း (LPA–၀၇၂၅၉၆)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီလာ(၁၂/အစန(နိုင်) ၀၁၂၅၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရန်ဆီဝေ(၁၃/မဆတ(နိုင်) ၀၃၇၁၃၇) က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီးအပိုင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်အပါအဝင် ဆက်နွယ်ပတ်သက်သည့် ဆက်စပ်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်း ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရန်ဆီဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉၄၅၀၀၃၅၀၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/78515 ယာဉ်လက်ဝယ်ရှိသူ ဦးဖေျှကျိုး ၄/ဟခန(နိုင်)၀၁၈၉၂၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/62997 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၁၄/ပတ(နိုင်)၁၃၉၁၅၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5642, Daihatsu Hijet S 200P ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်နိုးခင် ၉/မထလ(နိုင်)၃၃၉၆၆၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/80999, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၉/မလန(နိုင်)၁၃၃၁၆၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက (ခွဲ) နောင်ခမ်းကျောင်းမှ မပန်းခက်ဝေ G–11 ၏ ဖခင်အမည်မှန်မှာဦးကျော်ဆန်းလင်း၅/ဟမလ(နိုင်)၀၈၇၈၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

